ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့။ Monday, 4 September 2023 ၁၁၂၀၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ

**ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းပြီးစီးပါက နှစ်စဉ်လျှပ်စစ်စွမ်းအား ၂၄ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လွှတ်နိုင်မည်**

စာမျက်နှာ » ၃

**ပြည်ပနိုင်ငံ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နည်းပညာနှင့် ဥပဒေဆိုင်ရာ အကူအညီ၊ အထောက်အပံ့များရရှိရန် ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၄



**ပြည်သူအားလုံး တွဲလက်ညီ သန်းခေါင်စာရင်း ကောက်ပါမည်**

ဆောင်းပါး စာမျက်နှာ » ၁၀




**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၃၀၂၀ ရှိသော နယ်မြေကို **"ကောင်းခါးကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၂၃)အရ ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း (၁၄)ရက်၊ (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)မှစ၍သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❐

## ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံနေကြာ ဧက ၉၂၀ လျာထားစိုက်ပျိုးမည်



**ပွင့်ဖြူ စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ စိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး ဧက ၉၂၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကာ ယနေ့အထိ နေကြာသီးနှံ ၄၉၅ ဧက စိုက်ပျိုးဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ ဆီထွက်သီးနှံနေကြာကို ဧက ၉၂၀ လျာထားစိုက်ပျိုးသွားမှာဖြစ်ပြီး ဒေသခံတောင်သူတွေ ဇွန်လဆန်းပိုင်း ရွာသွန်းခဲ့တဲ့မိုးနဲ့ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ နေကြာသီးနှံ ၄၉၅ ဧက စိုက်ပျိုးပြီးစီးသွားပြီ ဖြစ်ပါတယ်။ ဒေသခံတောင်သူတွေကိုလည်း မိုးနေကြာသီးနှံစိုက်ပျိုးရာမှာ အခက်အခဲမဖြစ်စေဖို့အတွက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၃

| | | |
|---|---|---|
| မုဒုံ | ၇ ဒသမ ၀၁ | လက်မ |
| ကျိုက်မရော | ၅ ဒသမ ၇၅ | လက်မ |
| ရေး | ၄ ဒသမ ၆၅ | လက်မ |
| ကော့ကရိတ် | ၃ ဒသမ ၂၀ | လက်မ |
| ဂန့်ဂေါ | ၃ ဒသမ ၀၇ | လက်မ |
| မောင်တော | ၂ ဒသမ ၉၂ | လက်မ |
| ညောင်ဦး | ၂ ဒသမ ၈၈ | လက်မ |
| ပေါက်တော | ၂ ဒသမ ၈၂ | လက်မ |
| မှော်ဘီ | ၂ ဒသမ ၆၈ | လက်မ |
| ဆင်ဖြူကျွန်း | ၂ ဒသမ ၅၆ | လက်မ |

ကြေးမုံ

# ပြည်ထောင်စုတည်ဆောက်ရေး အားလုံးပါဝင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးတစ်ရာကျော် စုစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ နှစ်ပေါင်းထောင်ချီ၍ မရှိအတူရှိအတူ အေးအတူပူအမျှ အတူတကွလက်တွဲပြီး အေးချမ်းစွာနေထိုင်ခဲ့ကြသော နိုင်ငံဖြစ်သည်။ သို့သော် တိုင်းတစ်ပါးလက်အောက် ကျွန်ဘဝရောက်ခဲ့ပြီး လွတ်လပ်ရေးရပြီးနောက်တွင် တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသော်လည်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်နေသည့်ဒေသများတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းဆောင်ရွက်မပေးနိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ခြင်းအကျိုးဆက်ကို ဒေသခံတိုင်းရင်းသားပြည်သူများ ခံစားနေကြရသည်။ လူတစ်စု၏ ဆင်ခြင်မြော်တွေးမှုမရှိသည့် ဆိုးကျိုးများကို ဒေသခံပြည်သူများ ကြုံတွေ့ကြရသည်။ ပြည်သူလူထုအနေဖြင့် မိမိဒေသအကျိုး၊ နယ်မြေအကျိုးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ တည်ငြိမ်အေးချမ်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သည်။

တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေဒေသများနှင့် တည်ငြိမ်အေးချမ်းမှုရှိသည့် နယ်မြေဒေသများကို နှိုင်းယှဉ်ကြည့်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများနှင့် တည်ငြိမ်အေးချမ်းမှုရှိသောဒေသများ၏ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်မှုတို့ များစွာကွာဟနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း အတူတကွနေထိုင်ကြသူများအချင်းချင်း ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားနေသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စု တိုင်းရင်းသားပြည်သူများအားလုံး လူမှုဘဝကွာဟမှုနည်းပါးအောင် အားလုံး စေတနာထား၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသအလိုက် တိုင်းရင်းသား လူမျိုးများကို ကိုယ်စားပြုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ယုံကြည်ချက်၊ ခံယူချက်မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ပေးကြရမည် ဖြစ်သည်။

"ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အပေါ်တွင် စိတ်ကောင်းစေတနာကောင်း ထားရန်လိုကြောင်း၊ နိုင်ငံရေးမျှော်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင်ကြရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။

တိုင်းပြည်ငြိမ်းချမ်းရေးကို လွတ်လပ်ရေးရပြီးအချိန်မှစ၍ ခေတ်အဆက်ဆက် အစိုးရများက နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ပြီး ငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ကြသော်လည်း ယနေ့ထက်တိုင် ထာဝရငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေဆဲဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးအတွက် ကနဦးခြေလှမ်းဖြစ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံများမှ သံတမန်များ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခိုင်မာစွာလက်မှတ်ရေးထိုးခဲ့သည်။

NCA သည် နိုင်ငံတော်အစိုးရဘက်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်၍ မည်သည့်အချိန်ကာလတွင်မှ ပျက်ပြယ်မှုမရှိ အမြဲတည်ရှိနေမည့်စာချုပ်ဖြစ်သည်။ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခု၏ တာဝန်ရှိသူတစ်ဦးက NCA နှင့်ပတ်သက်၍ အထောက်အထားမဲ့၊ အဓိပ္ပာယ်မဲ့စွာ လက်လွှတ်စပယ်ပြောကြားခဲ့သည်ကို ကြားသိခဲ့ရပါသည်။ မည်သို့ပင်ဖြစ်စေ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ NCA စာချုပ်အပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည်သွားမည်ဖြစ်သည်။ လာမည့် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျရောက်မည့် (၈)နှစ်မြောက် NCA နှစ်ပတ်လည်နေ့ကို လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ၊ အလေးအနက်ထား၍ စီစဉ်ကျင်းပသွားမည်ဟု သိရသည်။

သို့ဖြစ်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည်ပြီး တိုင်းရင်းသားပြည်သူများအားလုံး တစ်ပြေးညီရရှိနိုင်မည့် အကျိုးစီးပွားများကို အလေးအနက်ထား၍ တိုင်းပြည်အပေါ်၌ စိတ်ကောင်း စေတနာကောင်းထားကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒုက္ခဆိုးမွေများကို ခံစားနေကြရသည့် တိုင်းရင်းသားပြည်သူများအား စာနာထောက်ထား၍ တိုင်းရင်းသားပြည်သူများအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာသည့်ဘဝများပိုင်ဆိုင်နိုင်အောင် ခိုင်မာပြတ်သားစွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**စစ်တွေ စက်တင်ဘာ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများတွင် ဝါတွင်းကာလ ဆွမ်း၊ ကွမ်း၊ အဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုး ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (စစ်တွေ) မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်နှင့် ဝန်ထမ်းများက စစ်တွေမြို့နယ် ဣန္ဒာရာမကျောင်းတိုက်ဆရာတော် ဦးဉာဏတဇထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲတို့ကို ဒေသအလိုက် ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကြည်နှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ကံကြီးလမ်း ရတနာသီရိ ကိုးနဝင်းခတ်ပေါင်းစုံ စေတီတော်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

အောင်ဆင့်

## လွိုင်လင်ခရိုင်၌ စပါးခင်းများအတွင်း ဥကပ်ပါးနကျယ်လွှတ်ခြင်း ကွင်းသရုပ်ပြ

**လွိုင်လင် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့တွင် ခရိုင်သီးနှံကာကွယ်ရေးဌာနခွဲက စပါးခင်းအတွင်း Trichogramma ဥကပ်ပါးနကျယ် လွှတ်ပွဲကွင်းသရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပင်လုံအရှေ့အုပ်စု တောင်သူ ဦးစိုင်းလုံ၏ တိုက်ရိုက်မျိုးစေ့ချစိုက်ခင်း ကွင်းအမှတ် (၃၇) ၌ ကျင်းပသည်။



**လက်တွေ့သရုပ်ပြသ**

အခမ်းအနားတွင် လွိုင်လင်ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်နှင်းသူနှင့် တာဝန်ရှိသူများက ဥကပ်ပါးနကျယ် (Trichogramma) များအား လွှတ်ပေးခြင်း လက်တွေ့သရုပ်ပြသခြင်း၊ စပါးနှင့် စားသုံးသီးနှံများတွင် ကျရောက်သောလိပ်ပြာမျိုးရင်းဝင် ဖျက်ပိုးများကို ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းရန် ဥကပ်ပါးနကျယ်အသုံးပြုခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ လွိုင်လင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံဒေါ်ခင်နှင်းသူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်/မြို့ဦးစီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွိုင်လင်မြို့နယ်နှင့် ပင်လုံမြို့အတွင်းရှိ မိုးစပါးစိုက်ပျိုးတောင်သူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာညီလာခံသို့ တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် စက်တင်ဘာ ၃**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာညီလာခံ(The Fifth China Quality Conference)သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Mr. Zheng Zhihong နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး အခြေခံအဆောက်အအုံတည်ဆောက်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေးနှင့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများ ပံ့ပိုးကူညီရေး စသည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် စီချွမ်ပြည်နယ် စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ (Sichuan Energy Investment Group Co., Ltd.) အား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် စွမ်းအင်ဆိုင်ရာ ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၁ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် Chengdu Century City New International Convention Center ၌ ပြုလုပ်သည့် (၅)ကြိမ်မြောက် တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာ ညီလာခံ(The Fifth China Quality Conference)သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ အဆိုပါညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Zhang Guoqing၊ တရုတ်နိုင်ငံ၏ ဈေးကွက်ထိန်းချုပ်စောင့်ကြည့်ရေး စီမံအုပ်ချုပ်ရေးဌာနဝန်ကြီး Mr. Luo Wen၊ စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wang Xiaohui၊ စီချွမ်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Huang Qiang၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ရေးအဖွဲ့နှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် စီချွမ်ပြည်နယ် လဲ့ရှန်းမြို့ရှိ ကမ္ဘာ့ရေးဟောင်း အမွေအနှစ်စာရင်းဝင် လဲ့ရှန်းဘုရားကြီးသို့ သွားရောက်လေ့လာဖူးမြော်ခဲ့ပြီး လဲ့ရှန်းမြို့ ပါတီအတွင်းရေးမှူး မစ္စတာမာဘိုမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။ ယင်းညစာစားပွဲတွင် လဲ့ရှန်းမြို့ အစိုးရက အဆိုပြုထားသည့် လဲ့ရှန်းမြို့နှင့် မြန်မာနိုင်ငံ ပုဂံမြို့တို့အကြား ချစ်ကြည်ရေးညီအစ်မမြို့သတ်မှတ်ရေးကိစ္စ အပါအဝင် စိုက်ပျိုးရေး၊ နည်းပညာဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လုပ်ဆောင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အော့မေတောင်ရှိ ဟွာကျန့်ဘုရားကြီးအား သွားရောက်ဖူးမြော် ကြည်ညိုခဲ့ပြီး ကောချောင်လီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း (Gaoqiao-li Rural Revitalization Project) သို့ ဆက်လက်သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချန်ဒူးမြို့မှ ပြန်လည်ထွက်ခွာရာ ချန်ဒူးရှွမ်းလျူ အပြည်ပြည်ဆိုင်ရာလေဆိပ် (Chengdu Shuangliu International Airport)၌ စီချွမ်ပြည်နယ် အစိုးရ ဒုတိယအထွေထွေအတွင်းရေးမှူး Mr. Ge Xiaopeng နှင့် အဖွဲ့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းပြီးစီးပါက နှစ်စဉ်လျှပ်စစ်စွမ်းအား ၂၄ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လွှတ်နိုင်မည်

**နေပြည်တော် စက်တင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး တို့သည် ယမန်နေ့နံနက်ပိုင်းက ရပ်စောက်မြို့နယ်ရှိ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက် ကော်ဖီခြံသို့ ရောက်ရှိကြပြီး ကော်ဖီသီးနှံ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက တည်ဆဲလယ်ယာမြေ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ တန်းမြင့်ကော်ဖီ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ကော်ဖီပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်မည့် အခွင့်အလမ်းများ၊ ဒေသခံလုပ်ကွက်ငယ် ကော်ဖီတောင်သူများကို နည်းပညာအပါအဝင် အားပေးကူညီမှုများ ဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ကော်ဖီစိုက်ခင်းများနှင့် မက္ကဒေးမီးယား စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးကြသည်။






ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီး နမ့်အက်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တမံကြံ့ခိုင်ရေးအတွက် လုပ်ငန်းအပိုင်းအလိုက် ကြပ်မတ်ဆောင်ရွက်ရေး၊ နည်းပညာအရ ကြိုတင်ဆောင်ရွက်နိုင်သည့်လုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ၊ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ချက်များ၊ စီမံကိန်းလျာထားသတ်မှတ်ချက် အချိန်ကာလအမီ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ပြီးစီးရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းခမ်းရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်း ပြီးစီးပါက ရေဧကပေ ၃၅၀၀၀၀ ခန့် သိုလှောင်ပြီး လျှပ်စစ်တပ်ဆင်ဓာတ်အား ၁၀ မဂ္ဂါဝပ် ( ၅ မဂ္ဂါဝပ် x ၂ လုံး)ဖြင့် နှစ်စဉ် လျှပ်စစ်စွမ်းအား ၂၄ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့ စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ နမ့်လတ်ဥယျာဉ်ခြံ၌ ဆောင်ရွက်လျက်ရှိသည့် အပူလျော့ပိုင်း သစ်သီးပင်များ စိုက်ပျိုးနည်းပညာများနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ဥယျာဉ်ခြံသီးနှံများကို GAP စနစ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်အတွက် ပညာပေးဆောင်ရွက်ခြင်းလုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများနှင့် စိုက်ပျိုးနည်းပညာပေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ခြံတာဝန်ခံတို့က ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီး အေးသာယာစက်မှုဇုန်ရှိ စိုက်ပျိုးရေးဦးစီးဌာန၏ ငှားရမ်းမြေပေါ်တွင် လုပ်ငန်းဆောင်ရွက်နေသည့် Myanmar $1^{th}$ Vineyard Estate Co.,Ltd. ၏ ဝိုင်စပျစ်များ စိုက်ပျိုးထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ **ပွင့်ဖြူမြို့နယ်မှ**

မျိုးကောင်းမျိုးသန့် မျိုးစေ့နဲ့ သွင်းအားစုပစ္စည်းတွေကို နိုင်ငံတော်က ထောက်ပံ့ကူညီဆောင်ရွက်ပေးထားပါတယ်။ ဒါ့အပြင် သီးနှံအတွက်နှုန်းကောင်းမွန်စေဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းတွေကလည်း တောင်သူတွေကို တွေ့ဆုံပြီး အခြေခံစိုက်ပျိုးရေးနည်းစနစ်တွေနဲ့ သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းတွေ၊ အချိန်အခါအလိုက် သုံးစွဲရမယ့် သွင်းအားစုပစ္စည်း အချိုးကျသုံးစွဲနည်းစနစ်တွေနဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

**စိုက်ပျိုးသွားမည်**

ပွင့်ဖြူမြို့နယ်တွင် ယခု ၂၀၂၃ -၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းစားသုံးဆီဖူလုံပို့လျှံစေရေးအတွက် ရည်ရွယ်၍ နေကြာသီးနှံစိုက်ဧက ၉၂၀၊ နှမ်း ၆၆၈၅ ဧက အပါအဝင် စုစုပေါင်း ဆီထွက်သီးနှံစုံ ၁၀၅၃၈ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး ယနေ့အထိ ဆီထွက်သီးနှံစုံ ဧက ၁၄၉၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ပြည်ပနိုင်ငံ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နည်းပညာနှင့် ဥပဒေဆိုင်ရာ အကူအညီ၊ အထောက်အပံ့များရရှိရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ပနိုင်ငံ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နည်းပညာနှင့် ဥပဒေဆိုင်ရာအကူအညီ၊ အထောက်အပံ့များရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း ယမန်နေ့ နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က ပြောကြားခဲ့သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနကို အဘက်ဘက်ကတိုးတက်စေရေး ဆောင်ရွက်လျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ရုရှားနိုင်ငံ တရားရေးဝန်ကြီးဌာနနှင့်လည်း နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ်-အာဆီယံဥပဒေရေးရာသုတေသနစင်တာတို့အကြား ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဥပဒေပြုရေး သုတေသနစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးခဲ့ကြောင်း။

ထို့အတူ အာဆီယံနှင့် သက်ဆိုင်သောကိစ္စများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကိစ္စများ၊ ကွန်ဗင်းရှင်းများ စသည်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများကို အကြံဉာဏ်ပေးလျက်ရှိပြီး ICJ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံဥပဒေပညာရှင်များ အသင်းဝင်ဖြစ်ပြီး (ASEAN LAW Association-ALA) အာဆီယံဥပဒေပညာရှင်များအသင်း(မြန်မာ)တွင် ဥက္ကဋ္ဌအဖြစ် မိမိက ဆောင်ရွက်လျက် တရားရေးအရာရှိများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများနှင့် တက္ကသိုလ်ဥပဒေပညာဌာနများမှ ပါမောက္ခများဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် (၁၂)ကြိမ်မြောက် အာဆီယံဥပဒေဝန်ကြီးများအစည်းအဝေးနှင့် (၂၂)ကြိမ်မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေးများကို လက်ခံကျင်းပပေးရန်ရှိကြောင်း။

ဥပဒေပြုရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူကျင့်သုံးလျက်ရှိရာ ၂၀၂၁ ခုနှစ်အတွင်း ဥပဒေ ၆၃ ခု၊ ၂၀၂၂ ခုနှစ်အတွင်း ဥပဒေအခု ၄၀၊ ၂၀၂၃ ခုနှစ် ဇွန် ၃၀ ရက်အထိ ဥပဒေ ၅၃ ခု ပြဋ္ဌာန်းခဲ့ရာ ယနေ့ထိ ဥပဒေစုစုပေါင်း ၁၅၆ ခု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ပြဋ္ဌာန်းလိုသော ဥပဒေများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြကြရမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေမူကြမ်းများကို စိစစ်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်(၆)ချက်နှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်ရုံးများက ဆောင်ရွက်ရန်လိုကြောင်း။

ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် အမှုလိုက်ပါဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုရှိရန်၊ လိုအပ်သလို အမှုခိုင်မာအောင် စစ်ဆေးတတ်ရန်လည်း အရေးကြီးကြောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ အသစ်ပြဋ္ဌာန်းသည့် ဥပဒေ၊ ပြင်ဆင်သည့်ဥပဒေ၊ ဖျက်သိမ်းသည့် ဥပဒေများကိုလည်း မျက်ခြည်မပြတ် လေ့လာရန်လိုအပ်ကြောင်း၊ တရားစွဲမတင်မီ ဥပဒေအကြံပေးရာတွင် ဥပဒေအကြံပြုခြင်းအတွက် ဤရုံး၏ ညွှန်ကြားစာများကို သက်ဆိုင်ရာဥပဒေရုံးအဆင့်ဆင့်က လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)အရ ရှေ့ပြေးဥပဒေရုံးများတွင် တရားခွင်အကြို တွေ့ဆုံမေးမြန်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များအား "နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း (Legal Advocacy Training)"ကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ ယခုအခါ အမှတ်စဉ်(၃)အထိ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်းအကြီးအမှူး ၉၈ ဦးကို ဥပဒေအသိပညာပြန့်ပွားရေး အသိအမှတ်ပြုလက်မှတ် (Certificate of Legal Advocacy)ကို ချီးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ အဆိုပါသင်တန်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးအားလုံး ဥပဒေအသိပညာအခြေခံ သိရှိနားလည်တတ်မြောက်ပြီးဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဥပဒေရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဥပဒေပညာသင်တန်းကျောင်း(Legal Advocacy Center) ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်လျက်ရှိရာ အဆောက်အအုံပြီးစီးပါက ဥပဒေပညာသင်တန်းကျောင်း အသင့်ဖွင့်လှစ်နိုင်ရေးအတွက် ဥပဒေပညာသင်တန်းကျောင်း တည်မြဲအမိန့် (Standing Order for Legal Advocacy Center)နှင့် ဥပဒေပညာသင်တန်းကျောင်း လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure for Legal Advocacy Center)တို့ကို မူကြမ်းရေးဆွဲပြီးဖြစ်ကြောင်း။

သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသနလုပ်ငန်းအဖွဲ့ကို ပြည်တွင်းပြည်ပမှ မဟာဥပဒေဘွဲ့၊ ဥပဒေပါရဂူဘွဲ့ ရရှိထားသူများ၊ သုတေသနလုပ်ငန်းကို စိတ်ဝင်စားသူများနှင့် ဖွဲ့စည်းထားရှိ ဆောင်ရွက်လျက်ရှိပြီး သုတေသနအဖွဲ့များ၏ ဥပဒေသုတေသန စာတမ်းဖတ်ပွဲများကိုလည်း လစဉ်ကျင်းပပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းများအလိုက် တင်ပြဆွေးနွေးကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး / ပြည်နယ် တရားရေးဦးစီးမှူးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏(၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က ပြောကြားရာ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာထွေးပြောကြားခဲ့သည့် တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အဓိကတာဝန်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ပေါ်ထွန်းရေးနှင့် ပတ်သက်သည့် အချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်ကျော်က ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များကို ဆက်လက်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**





# အနုညာတစီရင်ဆုံးဖြတ်ခြင်း အဆင့်မြင့်သင်တန်းအမှတ်စဉ်(၁)နှင့်(၂)သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(အမ်အိုင်အေစီ)မှ ဖွင့်လှစ်ပို့ချခဲ့သော အနုညာတစီရင်ဆုံးဖြတ်ခြင်း အဆင့်မြင့်သင်တန်းအမှတ်စဉ်(၁)နှင့် (၂)သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းလျားလိပ်ဟိုတယ် Grand Ball Room ၌ ကျင်းပသည်။

အခမ်းအနားတွင်MIAC အသင်းတည်ထောင်သူနှင့် ဗဟိုဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ ဦးကျူးခေါင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ MIAC(ဗဟို)ဘဏ္ဍာရေးမှူးနှင့် ခရိုင်ရုံးများဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးရဲညွန့်က မှဒိတာစကားပြောကြားကာ သင်တန်းနည်းပြ ဆရာကြီး ဆရာမကြီးများဖြစ်ကြသော ဦးအေးကျော်၊ ဦးယုအောင်၊ ဒေါ်မြတ်မြတ်ကျော်၊ ဒေါ်သိန်းသိန်းညွန့်၊ ဒေါ်လွင်မာဦးနှင့် ဦးမြတ်မင်းတို့က ဝမ်းမြောက်ဂုဏ်ပြုဆုံးမစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကို MIAC(ဗဟို)ဥက္ကဋ္ဌနှင့် ဆရာကြီး ဆရာမကြီးများက သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များ တစ်ဦးချင်းစီ ချီးမြှင့်ပေးအပ်ခဲ့သည်။

**မောင်မောင်(လှျပ်စစ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကျောက်ဆည် ၁၄၅ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်ဓာတ်အားပေးစက်ရုံနှင့် မိတ္ထီလာ သပြေဝ ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည် ၁၄၅ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်ဓာတ်အားပေးစက်ရုံနှင့် မိတ္ထီလာ သပြေဝ ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



## ရှင်းလင်းတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည် ၁၄၅ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်ဓာတ်အားစနစ်နှင့်ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနေမှုနှင့် ဓာတ်အားပေးစက်ကြီးများ မောင်းနှင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်နှင့်အညီ စက်ရုံအသစ်များ တည်ဆောက်ခြင်းမပြုနိုင်မီ ကာလတွင် လက်ရှိတည်ဆောက်ပြီး စက်ရုံ၊ အလုပ်ရုံများကို ပြုပြင်ထိန်းသိမ်းပြီး စွမ်းအားပြည့်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကို ကူညီဖြည့်ဆည်းနိုင်မည်ဖြစ်သဖြင့် ရေရှည်လည်ပတ် ဆောင်ရွက်သွားနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်သွားရန်နှင့် စက်များချို့ယွင်းမှုရှိပါက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရေး စက်အရန်ပစ္စည်းများကို စနစ်တကျ စုဆောင်းထားရန် မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှုနှင့် ဓာတ်အားပေးစက်ကြီးများ မောင်းနှင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## စီးပွားဖြစ်ဓာတ်အား စတင်ထုတ်လုပ်နိုင်ခဲ့

အဆိုပါ ကျောက်ဆည် ၁၄၅ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်ဓာတ်အားပေးစက်ရုံသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘဲလင်းဒေသတွင်တည်ရှိပြီး Independent Power Producer (IPP), Build–Operate–Own(BOO) စနစ်ဖြင့် PowerGen Kyaukse Co.,Ltd. က ၂၀၁၈ ခုနှစ် မေလတွင် စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ကာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စီးပွားဖြစ်ဓာတ်အား စတင်ထုတ်လုပ်နိုင်ခဲ့သည်။ ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်အင်အားမှာ ၁၄၇ ဒသမ ၇၆ မဂ္ဂါဝပ်ဖြစ်ပြီး နှစ်စဉ်ပျှမ်းမျှ ကီလိုဝပ်နာရီ သန်းပေါင်း ၁၀၂၀ သန်းကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားများ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သပြေဝကျေးရွာအနီးရှိ Clean Power Energy Co.,Ltd. ၏ သပြေဝ ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက သပြေဝ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံနှင့် ၂၃၀ ကေဗွီ သပြေဝ ပင်မဓာတ်အားခွဲရုံအကြား ချိတ်ဆက်ထားသည့် ဗို့အားမြင့်ဓာတ်အားလိုင်း သတ်မှတ်နယ်နိမိတ်အတွင်း လူနေအိမ်များ၊ အဆောက်အအုံများ၊ ကျူးကျော်များ ရှိမလာစေရေး ကန့်သတ်နယ်နိမိတ်ကို သိရှိလိုက်နာစေရေး ဆောင်ရွက်သွားရန်၊ ပြန်ပြည့်မြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်သုံးဆိုလာစီမံကိန်းများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်သည့်အတွက် ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ စက်ရုံဝန်းကျင်ရှိ ကျေးရွာများတွင် လူမှုရေးတာဝန်သိတတ်မှု(CSR) လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ပေးသွားရန် မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေမှုနှင့် စက်ရုံဧရိယာအတွင်း Tracking System အသုံးပြုပြီး Solar Pannal များ တပ်ဆင်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ဖြန့်ဖြူးလျက်ရှိ

မိတ္ထီလာ သပြေဝ ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် သပြေဝကျေးရွာအနီးတွင် Clean Power Energy (CPE) Co.,Ltd. က BOO (Build Operate Own) စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စက်တပ်ဆင်အင်အားမှာ ၃၀ မဂ္ဂါဝပ် ဖြစ်ကာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၇၀ ဒသမ ၅၉၉ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို 33 KV Double Circuit Overhead Line ဖြင့် သပြေဝပင်မဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သောပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ၌ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသော နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့တွင် ပြည်ထောင်ကိုးကျေးရွာအုပ်စု ပြဒါးချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။



ဦးစွာ ဗိုလ်မှူးကြီးမင်းနောင်သည် ပြဒါးချောင်းကျေးရွာ ရွာဦးကျောင်း၌ ခရီးစဉ်တွင်လိုက်ပါလာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးတာဝန်ခံများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့်အခြေအနေများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများကို အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

## လိုအပ်သည်များ ဆောင်ရွက်ပေး

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြဒါးချောင်းကျေးရွာအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရာ နေပြည်တော်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူးက ပျဉ်းမနား တောင်ပေါ်ဒေသရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား တွေ့ဆုံ၍ စာပေသင်ကြားလျက်ရှိသည့် အခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခြင်း၊ နေပြည်တော် ကုသရေးဦးစီးဌာနမှ နယ်လှည့်ဆေးကုသရေးအဖွဲ့ သည် ပြဒါးချောင်း ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေပြည်သူများကို ကျန်းမာရေးစောင့် ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

အလားတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့နယ် ဦးစီးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်ကိုးကျေးရွာအုပ်စုရှိ ကျေးရွာသူကျေးရွာသားများနှင့် ကျောင်းသားကျောင်းသူများအား ပန်းခင်းစီမံချက်(၂) ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ဆောင်ရွက်ပေးခြင်း၊ နေပြည်တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကျေးရွာအုပ်စုများအတွင်း လျှပ်စစ်ဓာတ်အား ပုံမှန်ရရှိစေရေး ဓာတ်အားလိုင်းများလိုက်လံစစ်ဆေးခြင်း တို့ကို ဆောင်ရွက်ပေးကြသည်။

**သတင်းစဉ်**


❒ ရှေ့ဖုံးမှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ထင်း၊ဝါးစသည့်သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမှုတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ကောင်းခါးကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ယမနေ၊ ထောက်ကြံ့၊ ထင်းရှူး၊ ယင်းတိုက်၊ တောင်တမာ စသည့် အဖိုးတန်သစ်မျိုးများနှင့် ချဉ်ယုတ်၊ သဖန်း၊ ကတွတ်၊ မက်ခေါက်၊ ညံ၊ သစ်အယ်၊ ချယ်ရီရိုင်း၊ လက်ပံ ဒေသမျိုးရင်းသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အပင်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်နိုင်ခြင်း၊ နေထိုင်ကျက်စားလျက်ရှိသော သမင်၊ ဒရယ်၊ ချေ၊ တောဝက်၊ တောကြောင်၊ တောကြက်စသည့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသတိုးပွားလာနိုင်ခြင်းနှင့်နမ့်တဲဝမ်းချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ဖူကူရှီးမား စွန့်ပစ်ရေနှင့် နောက်ဆက်တွဲအကျိုးဆက်များ

## တက္ကသိုလ်မောင်ရှုပ



ဖူကူရှီးမားဒေသမှထွက်ရှိသည့် ပင်လယ်ရေထွက်ကုန် အစားအစာများသည် အန္တရာယ်ကင်းရှင်းကြောင်းပြသနိုင်ရန် ဝန်ကြီးချုပ် ကီရှီဒါက နေ့လယ်စာ သုံးဆောင်ပြနေစဉ်။

(ယမန်နေ့မှအဆက်)

ဂျပန်အစိုးရရဲ့အစီအစဉ်ဟာ ပြည်ပမှာသာမက ပြည်တွင်းမှာလည်း ကန့်ကွက်မှုတွေ ကြုံတွေ့နေရပါတယ်။ အထူးသဖြင့် ဖူကူရှီးမားဒေသမှာရှိတဲ့ ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူတွေအနေနဲ့ သူတို့ဒေသရဲ့ ရေထွက်ကုန်တွေရဲ့ နာမည်ကျော်ကြားမှုတွေအပေါ် ထိခိုက်မှုရှိလာမှာကို စိုးရိမ်မှုတွေ ရှိနေကြပါတယ်။ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါအနေနဲ့ ပြန်လည်သန့်စင်ပြီး ရေတွေ စတင်မစွန့်ပစ်မီ ရက်ပိုင်းအလို ဩဂုတ်လ ၂၂ ရက်နေ့က ဂျပန်နိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Masanobu Sakamoto နဲ့ သွားရောက်တွေ့ဆုံရှင်းလင်းပြောကြားခဲ့ပြီး ရေလုပ်ငန်းရှင်တွေရဲ့ နားလည်မှုကိုရယူဖို့ ကြိုးစားခဲ့ပါတယ်။ ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါကိုယ်တိုင်လည်း ဖူကူရှီးမားဒေသက ပင်လယ်ရေထွက်ကုန်တွေဟာ လူတွေစားသောက်ဖို့ လုံခြုံစိတ်ချရမှုရှိတယ်ဆိုတာပြနိုင်ဖို့ ဩဂုတ်လ ၃၀ ရက်နေ့က ဝန်ကြီးချုပ်ရုံးမှာ ဖူကူရှီးမားဒေသက ပင်လယ်ရေထွက် အစားအစာတွေနဲ့ နေ့လယ်စာ စားပြခဲ့ပါတယ်။

သို့သော်လည်း ၂၀၁၁ ခုနှစ် ဖူကူရှီးမား အဏုမြူဓာတ်အားပေးစက်ရုံ ထိခိုက်ပျက်စီးခဲ့ပြီး ရေဒီယိုသတ္တိကြွပစ္စည်းတွေ ပင်လယ်ထဲစီးဝင်မှု ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း နိုင်ငံပေါင်း ၅၅ နိုင်ငံဟာ ဂျပန်နိုင်ငံက စားသောက်ကုန်နဲ့ ရေထွက်ပစ္စည်းတင်သွင်းမှုကို ပိတ်ပင်ခဲ့တဲ့အတွက် ငါးလုပ်ငန်းကဏ္ဍဟာ အထိနာခဲ့ပါတယ်။ အဲဒီလို ကန့်သတ်ပိတ်ပင်ထားတာတွေကို အခုအချိန်မှာ နိုင်ငံအတော်များများက ပြန်လည်ရုပ်သိမ်းပေးထားချိန်မှာမှ စွန့်ပစ်ရေကိစ္စနဲ့ပတ်သက်ပြီး ပြန်လည်ပိတ်ပင်ခံရမယ့် အရေးကို ဂျပန်ရေထွက်ပစ္စည်း လုပ်ငန်းရှင်တွေအနေနဲ့ အထူးစိုးရိမ်ပူပန်လျက်ရှိနေတာဖြစ်ပါတယ်။

### သုံးသပ်ချက်

အထက်မှာဖော်ပြခဲ့သလို သဘာဝဘေးအန္တရာယ်ကြောင့် ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖို ထိခိုက်ပျက်စီးခဲ့ရတာဟာ ဂျပန်နိုင်ငံအတွက် ကံမကောင်း အကြောင်းမလှတဲ့ ဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ ၁၉၈၆ ခုနှစ် ယခင်ဆိုဗီယက်ပြည်ထောင်စု ချာနိုဘိုင်းလ် အဏုမြူဓာတ်ပေါင်းဖို မတော်တဆမှုဖြစ်စဉ်ပြီးရင် ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖို ထိခိုက်ပျက်စီးမှုဖြစ်စဉ်ဟာသမိုင်းမှာအဆိုးရွားဆုံးဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ ဒီသဘာဝဘေးကြောင့် ဖူကူရှီးမားဒေသတွင်းမှာသာ မကဘဲ ကျန်ပတ်ဝန်းကျင်ဒေသတွေ ဖြစ်တဲ့ အီဝါတေး (Iwate)၊ မီယာဂီ (Miyagi) ပြည်နယ်တွေကိုလည်း ထိခိုက်ခဲ့ပါတယ်။ တိုဟိုကုဒေသ (Tohoku region) တွင်းမှာရှိတဲ့ လူပေါင်း ၁၉၈၂၄ ဦး အသက်ဆုံးရှုံးခဲ့ရသလို လူ ၁၀ သန်းကျော်ကို ဘေးလွတ်ရာဒေသတွေကို ရွှေ့ပြောင်းပေးခဲ့ရပါတယ်။ ဒီဒေသရဲ့ စတုရန်းကီလိုမီတာ ၁၇၀၀ ကျော် မြေနေရာတွေဟာ အဏုမြူဓာတ်ရောင်ခြည်ပစ္စည်းတွေ သက်ရောက်မှုရှိခဲ့ပါတယ်။ ဒေသတွင်းမှာရှိတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ၊ လယ်ယာစိုက်ပျိုးရေးနဲ့ ငါးဖမ်းလုပ်ငန်း စတဲ့စီးပွားရေးလုပ်ငန်းတွေအပေါ် ဆိုးကျိုးသက်ရောက်မှုတွေ ဖြစ်စေခဲ့သလို ရေဒီယိုသတ္တိကြွရေတွေကို ပြန်လည်သန့်စင်ရတဲ့ လုပ်ငန်းတွေ၊ သိုလှောင်ထိန်းသိမ်းထားရတဲ့လုပ်ငန်းတွေအတွက်လည်း ငွေကြေးအမြောက်အမြားကျခံသုံးစွဲခဲ့ရပါတယ်။ သတင်းဌာနတွေရဲ့ ထုတ်ပြန်ချက်တွေအရဆိုရင် ဖူကူရှီးမားအဏုမြူ မတော်တဆမှုနဲ့ပတ်သက်ပြီး ဂျပန်အစိုးရဟာ ဒေါ်လာ ၃၀၀ ဘီလီယံ ကျခံသုံးစွဲခဲ့ရတယ်လို့ သိရပါတယ်။ တချို့သောကုန်ကျစရိတ်တွေကို ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုတွေကို တာဝန်ယူဆောင်ရွက်နေတဲ့ တိုကျိုလျှပ်စစ်ဓာတ်အား ကုမ္ပဏီ (TEPCO) ကလည်း ကျခံခဲ့ရပါတယ်။

အထူးသဖြင့်အဏုမြူဓာတ်သတ္တိကြွမြေယာတွေကို ပြန်လည်သန့်စင်ရှင်းလင်းရေးလုပ်ရတဲ့ လုပ်ငန်းတွေ၊ အဏုမြူ ဓာတ်သတ္တိကြွရေတွေကို ပြန်လည်သန့်စင်ရေး လုပ်ငန်းတွေနဲ့ သိုလှောင်ထိန်းသိမ်းထားရတဲ့ ကုန်ကျစရိတ်တွေ အများအပြားရှိခဲ့ပါတယ်။ အခုအချိန်မှာ ပြည့်ပြီး ရေတွေ သိုလှောင်ထားနိုင်တဲ့ပမာဏ ကျော်လွန်ရောက်ရှိတော့မှာဖြစ်သလို မြေငလျင်လို သဘာဝဘေးအန္တရာယ် တစ်ခုခုများ ထပ်ပြီးဖြစ်လာခဲ့ရင် သန့်စင်ပြီးသားရေတွေ အထိန်းအကွပ်မဲ့ ပင်လယ်ပြင်ထဲ စီးဆင်းသွားနိုင်တဲ့ အန္တရာယ်ကိုလည်း ဂျပန်အစိုးရဟာ အထူးစိုးရိမ်နေပါတယ်။ ဒါကြောင့်မို့ ဂျပန်နိုင်ငံအတွက် အခြားရွေးချယ်ဖို့နည်းလမ်းမရှိဘဲ ပစိဖိတ်သမုဒ္ဒရာအတွင်း ပြန်လည်စွန့်ပစ်ဖို့သာ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ မစွန့်ပစ်မီမှာလည်း ဂျပန်အစိုးရဟာ ပြန်လည်စွန့်ပစ်မယ့်ရေတွေဟာ လူသားတွေရဲ့ ကျန်းမာရေးအတွက်ရော၊ သဘာဝပတ်ဝန်းကျင်အပေါ်မှာရော သက်ရောက်မှုမရှိနိုင်ဘူးလို့ သိပ္ပံနည်းကျတွက်ချက်မှုတွေ ပြုလုပ်ခဲ့ပြီး ရလဒ်တွေကိုလည်း နိုင်ငံတကာကို သံတမန်နည်းလမ်းတွေကတစ်ဆင့် အဆက်မပြတ်အသိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

ဂျပန်ရဲ့ အိမ်နီးချင်းဖြစ်တဲ့ တရုတ်နိုင်ငံကတော့ သူတို့ရဲ့စိုးရိမ်ပူပန်မှုတွေကို ပွင့်ပွင့်လင်းလင်းပဲ ထုတ်ဖော်ပြောကြားခဲ့တာကို တွေ့နိုင်ပါတယ်။ ရေဒီယိုသတ္တိကြွပြီး ပြန်လည်သန့်စင်ထားတဲ့ ရေတွေကို ပင်လယ်ပြင်အတွင်း စွန့်ပစ်တာဟာ နောင်မှာ အစဉ်အလာတစ်ခုဖြစ်သွားမှာကို အလေးထားထောက်ပြခဲ့ပါတယ်။ တစ်ချိန်တည်းမှာ ဂျပန်နိုင်ငံကနေ အများအပြားတင်သွင်းနေတဲ့ ပင်လယ်ရေထွက်စားသောက်ကုန် ပစ္စည်းတွေကြောင့် တရုတ်နိုင်ငံသား စားသုံးသူတွေအပေါ်မှာ သက်ရောက်မှုတွေ ဖြစ်လာမှာကိုလည်း လိုလား နှစ်သက်မှာမဟုတ်ဘူးဆိုတာ တွေ့နိုင်ပါတယ်။ **စာမျက်နှာ ၇ သို့** ✦



ဟောင်ကောင်ဈေးဝယ်စင်တာတစ်ခုတွင် ဂျပန်နိုင်ငံမှတင်သွင်းလာသည့် ပင်လယ်စာများ ခင်းကျင်းပြသရောင်းချနေစဉ်။

> **ဂျပန်နိုင်ငံ ဖူကူရှီးမားဓာတ်ပေါင်းဖိုက အဏုမြူသတ္တိကြွရေတွေကို ပြန်လည်သန့်စင်ပြီး ပင်လယ်ပြင်တွင်း စွန့်ပစ်တဲ့ဖြစ်စဉ်ကြောင့် လူသားတွေအတွက် ရေရှည်ဘေးထွက်ဆိုးကျိုးတွေ ရှိလာနိုင်မလားဆိုတာ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ အနည်းနဲ့အများတော့ စိတ်ပူပင်ကြမှာဖြစ်တယ်ဆိုတာ မငြင်းနိုင်တဲ့အချက်ဖြစ်ပါတယ်။ ဒီစွန့်ပစ်မှုကနေ မည်သည့်ဘေးထွက်ဆိုးကျိုးမှ ဖြစ်မလာစေဖို့လည်း အားလုံးကမျှော်လင့်ကြမှာဖြစ်ပါတယ်။ ဂျပန်အစိုးရတာဝန်ရှိသူတွေကတော့ သန့်စင်ပြီးရေတွေ ပြန်လည်စွန့်ပစ်တဲ့နေ့ကစပြီး ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုအနီး ပင်လယ်ပြင်မှာ ထရစ်တီယံ (Tritium) ဓာတ်သတ္တိကြွမှုတွေ မြင့်တက်လာနိုင်မှုကို နေ့စဉ်တိုင်းတာမှုတွေ ပြုလုပ်လျက်ရှိရာမှာ မြင့်တက်လာမှုမရှိတာကို တွေ့မြင်ရတယ်လို့ ထုတ်ပြန်ခဲ့**




ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုမှ အဏုမြူဓာတ်သတ္တိကြွပစ္စည်းများ ပြန်လည်သန့်စင်ပြီးရေများ ပစိဖိတ်သမုဒ္ဒရာအတွင်း လိုဏ်ခေါင်းတူး၍ ပြန်လည်စွန့်ပစ်သည့်အစီအစဉ်။

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၃**

မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့မှ နှလုံးရောဂါဆေးပညာ၊ အထွေထွေရောဂါဆေးပညာ၊ ရင်ခေါင်းဆေးပညာ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ၊ အသည်းဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောဆေးပညာ၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့်ဟော်မုန်းဆေးပညာ၊ သွေးရောဂါဆေးပညာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့သို့ သွားရောက်၍ ပြည်သူ့ဆေးရုံကြီး မိတ္ထီလာမြို့မှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် မိတ္ထီလာမြို့ပေါ်သာမက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြားသောမြို့နယ်များမှ လာရောက်ပြသနိုင်ရန်အတွက် လူနာများကို ကြိုတင်စုဆောင်းခြင်း၊ စနစ်တကျဆောင်ရွက်ခဲ့ခြင်းကြောင့် မန္တလေးတိုင်းဒေသကြီးမှ မြို့နယ်ပေါင်း ၁၀ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးမှ မြို့နယ် နှစ်မြို့နယ်ရှိ မြို့ပေါ်နှင့်ကျေးလက်နေပြည်သူများ လာရောက်ပြသခဲ့ကြသည်။

ခရီးစဉ်အတွင်း နှလုံးရောဂါဆိုင်ရာ ၁၂၄ ဦး၊ ရင်ခေါင်းဆေးကုလူနာ ၃၀၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၆၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ ၁၄၃ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ ၁၅ ဦး၊ အသည်းရောဂါဆိုင်ရာ ၃၈ ဦး၊ သွေးရောဂါဆိုင်ရာ ရှစ်ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ ၈၀၊ အထွေထွေရောဂါဆေးပညာဆိုင်ရာ ၃၃၀၊ အရိုးရောဂါဆိုင်ရာ ၃၉ ဦး၊ အထွေထွေခွဲစိတ်ကုသမှုဆိုင်ရာ ၂၀၊ သားဖွားမီးယပ်ဆိုင်ရာ ခုနစ်ဦး၊ အရေပြားရောဂါဆိုင်ရာ ၂၆ ဦး၊ သွား/ခံတွင်းဆိုင်ရာ ၂၉ ဦး၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆိုင်ရာ ၃၅ ဦး၊ မျက်စိရောဂါဆိုင်ရာ ၉၉ ဦး စုစုပေါင်းဒေသခံပြည်သူ ၁၀၉၀ တို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး အဆိုပါလူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၂၃ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်း(OGDS) ၁၆ ဦး၊ အဆုတ်အမြှေးပါးအတွင်းမှ အရည်ဖောက်ထုတ်ကုသမှုပေးခြင်း တစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့်စစ်ဆေးခြင်း(CT scan) ၁၃ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၇၈ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၃၃၀၊ Ultrasound ရိုက်ကူးခြင်း ၁၁၃ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း(ECG) ၉၅ ဦး၊ သွေးချိုဓာတ်(HbA1C) တိုင်းတာခြင်း ၁၇၈ ဦးတို့ကို စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့သည်။ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများသည် ပြည်သူ့ဆေးရုံကြီး မိတ္ထီလာမြို့တွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသော အတွင်းလူနာများကိုလည်း ဘာသာရပ်အလိုက် ကြည့်ရှုပေးခဲ့ပြီး လိုအပ်သောကုသမှုနှင့် အကြံပြုချက်များ ဆောင်ရွက်ပေးသည်။

ထို့ပြင် ရင်ခေါင်းရောဂါဆေးကုသမှုဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလူနာ လေးဦး၊ နှလုံးရောဂါဆိုင်ရာဆေးကုသမှု ဆက်လက်ဆောင်ရွက်ရန် လိုအပ်သော လူနာလေးဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာဆေးကုသမှု ဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလူနာသုံးဦး၊ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆက်လက်လိုအပ်သော လူနာ ၂၅ ဦး၊ အထွေထွေရောဂါဆိုင်ရာ ဆက်လက်စစ်ဆေးကုသမှုလိုအပ်သောလူနာခြောက်ဦးတို့ကို မန္တလေးပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုလိုအပ်သော လူနာခြောက်ဦးကို နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့လည်းကောင်း လွှဲပြောင်းကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် မိတ္ထီလာလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းမောင်သိန်းနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီး မိတ္ထီလာမြို့သို့ ရောက်ရှိကာ လာရောက်ပြသကုသမှုခံယူကြသော လူနာများကို ကြည့်ရှုအားပေးပြီး ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများအား ကျေးဇူးတင်စကားပြောကြား၍ လာရောက်ပြသကြသောလူနာများကိုနေ့လယ်စာထမင်းဘူးများ လှူဒါန်းခြင်းနှင့် အထူးကုဆေးကုသရေးအဖွဲ့ကို ဒေသထွက် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

အထူးကုဆေးကုသရေးအဖွဲ့များသည် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သုံးကြိမ်နှင့် ပုသိမ်မြို့၊ တောင်ကြီးမြို့၊ မကွေးမြို့၊ ပြည်မြို့များသို့သွားရောက်၍ ဆေးကုသမှုများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**✦ စာမျက်နှာ ၆ မှ**

ဒါကြောင့် ဂျပန်နိုင်ငံက ပြန်လည်သန့်စင်ပြီးရေတွေ ပင်လယ်ထဲ စတင်စွန့်ပစ်တော့မယ်လို့ ရက်သတ်မှတ်ကြေညာပြီးကတည်းက တရုတ်နိုင်ငံဟာ ဂျပန်နိုင်ငံရဲ့ ဖူကူရှီးမားပြည်နယ်အပါအဝင် ပြည်နယ် ၁၀ ခုက တင်သွင်းလာတဲ့ ရေထွက်ပစ္စည်းတွေကို ၂၀၂၃ ခုနှစ် ဇူလိုင်လကစပြီး ရေဒီယိုသတ္တိကြွမှုစစ်ဆေးခြင်း (Radiation test) ကို ပိုမိုတင်းကျပ်စွာ ပြုလုပ်လာခဲ့ပါတယ်။ ဒီလိုစစ်ဆေးမှုပြုလုပ်ခြင်းကပင် ဂျပန်ရေထွက်ပစ္စည်း တင်ပို့မှုတွေအပေါ် ထိခိုက်စေခဲ့ပါတယ်။

သန့်စင်ပြီးရေတွေ ပင်လယ်ထဲ စတင်စွန့်ပစ်ခဲ့တဲ့ ဩဂုတ်လ ၂၄ ရက်နေ့မှာတော့ တရုတ်နိုင်ငံဟာ ဂျပန်နိုင်ငံတစ်ဝန်းလုံးက ရေထွက်ပစ္စည်းအားလုံးတင်သွင်းမှုကို ပိတ်ပင်ခဲ့ပါတယ်။ ဟောင်ကောင်ဒေသကတော့ ဂျပန်နိုင်ငံရဲ့ ပြည်နယ် ၁၀ ခုက တင်သွင်းလာတဲ့ ရေထွက်ပစ္စည်းတွေကို ပိတ်ပင်ခဲ့ပါတယ်။ ဒီလိုပိတ်ပင်မှုတွေဟာ ဂျပန်နိုင်ငံအစိုးရအတွက်ရော၊ ရေထွက်ပစ္စည်းတင်ပို့သူတွေအတွက်ရော စိတ်ပူပင်စရာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် စာရင်းတွေအရ ဂျပန်နိုင်ငံက တင်ပို့ခဲ့တဲ့ ရေထွက်ပစ္စည်း ပမာဏစုစုပေါင်းရဲ့ ၂၂ ဒသမ ၅ ရာခိုင်နှုန်း (ဒေါ်လာ ၉၄၂ ဒသမ ၄ သန်း) က တရုတ်နိုင်ငံကို တင်ပို့ခဲ့တာဖြစ်ပြီး ၁၉ ဒသမ ၅ ရာခိုင်နှုန်း (ဒေါ်လာ ၄၃၂ ဒသမ ၃ သန်း) က ဟောင်ကောင်ဒေသကို တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခုလိုပိတ်ပင်ခဲ့တဲ့ တရုတ်နဲ့ ဟောင်ကောင်တို့ဟာ ဂျပန်ရဲ့ပင်လယ်စာတင်ပို့မှုမှာ အဓိကဈေးကွက်ကြီးတွေဖြစ်သလို ဒဏ်ခတ်မှုကနေ ဂျပန်ပင်လယ်ရေထွက်ပစ္စည်းတွေရဲ့ ဂုဏ်သိက္ခာ ထိခိုက်လာမှာကိုလည်း ဂျပန်အစိုးရဟာ အထူးစိုးရိမ်လျက်ရှိပါတယ်။ ဒါကြောင့် ကျန်နိုင်ငံတွေက အလားတူအရေးယူဆောင်ရွက်မှုမျိုး ပြုလုပ်လာခြင်း မရှိစေဖို့ ဂျပန်အစိုးရဟာ သံတမန်နည်းလမ်းအရ အစွမ်းကုန်ကြိုးပမ်းလျက်ရှိနေပါတယ်။ သံတမန်နည်းလမ်းအရ ကြိုးပမ်းမှုမအောင်မြင်ခဲ့ရင် တရုတ်နိုင်ငံရဲ့ ပိတ်ပင်မှုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (World Trade Organization–WTO) ထံ တင်ပြဖြေရှင်းသွားမယ်လို့ တောင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Yoshimasa Hayashi က ဩဂုတ်လ ၂၉ ရက်နေ့က ပြောကြားခဲ့ပါတယ်။




အဝေးထိန်းစက်ရုပ်မှ ရိုက်ကူးပေးသည့် ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖိုအတွင်းပိုင်းရှိ အရည်ပျော်နေသည့် လောင်စာများ။

တကယ်ဆိုရင် ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖို မတော်တဆမှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး သန့်စင်ပြီးရေတွေ ပင်လယ်ထဲ ပြန်လည်စွန့်ပစ်ရေးဟာ ဂျပန်နိုင်ငံ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေအနက် တစ်စိတ်တစ်ပိုင်းမျှသာဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ဖူကူရှီးမားမှာ အဏုမြူဓာတ်ပေါင်းဖိုခြောက်လုံးရှိတဲ့အနက် ၂၀၁၁ ခုနှစ် မြေငလျင်နဲ့နောက်ဆက်တွဲ ဆူနာမီရေလှိုင်းတွေကြောင့် ဓာတ်ပေါင်းဖိုသုံးလုံးမှာရှိတဲ့ အဏုမြူလောင်စာတောင့်တွေဟာ အပူချိန် မတရားလွန်ကဲပြီး အရည်ပျော်ကုန်တာဖြစ်ပါတယ်။ အဲဒီအရည်ပျော်နေတဲ့ လောင်စာတောင့်တွေကို အေးသွားအောင် ရေပမာဏအများအပြား အသုံးပြုအအေးခံရာကနေ အဏုမြူဓာတ်သတ္တိကြွရေတွေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒီရေတွေကို သိပ္ပံနည်းကျ ပြန်လည်သန့်စင်ပြီး ပင်လယ်ပြင်ထဲ ပြန်လည်စွန့်ပစ်ရေးကိုတောင် မတော်တဆမှုဖြစ်ပြီး ၁၂ နှစ်ကြာလာတဲ့အချိန်မှ စတင်ဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ တကယ်ဆိုရင် ဖြေရှင်းဖို့ ကျန်ရှိနေသေးတဲ့ စိန်ခေါ်မှုတွေက သူ့ထက် အဆများစွာ ပိုပါတယ်။

အဲဒါကတော့ အဏုမြူဓာတ်ပေါင်းဖို သုံးလုံးထဲမှာ ရှိနေသေးတဲ့ ချော်ရည်လို အရည်ပျော်နေတဲ့ အဏုမြူလောင်စာတောင့်တွေဖြစ်ပါတယ်။ စုစုပေါင်း တန်ချိန် ၉၀၀ လောက်ရှိနေတဲ့ ဒီလောင်စာတောင့်တွေ ဓာတ်ပေါင်းဖိုထဲမှာ ဘယ်လိုပုံစံဖြစ်နေတယ်၊ ဘယ်လိုသန့်ရှင်းရေး ပြုလုပ်ရမလဲဆိုတာက အဓိကပြဿနာဖြစ်ပါတယ်။ အပူချိန်လွန်ကဲမှု၊ အဏုမြူဓာတ်သတ္တိကြွပြင်းအားများပြားမှုတို့ကြောင့် လူတွေ အနားကပ်လို့မရတဲ့ နေရာလည်း ဖြစ်ပါတယ်။

ဂျပန်နိုင်ငံကတော့ လက်ရှိမှာ အဝေးကနေ ထိန်းချုပ်မောင်းနှင်နိုင်တဲ့ အဆင့်မြင့်စက်ရုပ်တွေ အသုံးပြုပြီး အဏုမြူဓာတ်ပေါင်းဖို အတွင်းပိုင်းနေရာတွေကို လေ့လာနိုင်ဖို့ ကြိုးပမ်းနေပါတယ်။ ဒီလောင်စာတောင့်တွေ ရှင်းလင်းသန့်ရှင်းရေးပြုလုပ်နိုင်ဖို့ကိစ္စကို အပြုသဘောအမြင်နဲ့ စဉ်းစားရင်တောင် နှစ်ပေါင်း ၃၀ ကနေ ၄၀ အထိ ကြာမြင့်နိုင်ပြီး ကုန်ကျစရိတ်ကလည်း အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံအထိ ကုန်ကျမယ်လို့ တွက်ချက်ထားကြတဲ့အတွက် အခက်အခဲရဲ့ ပမာဏကို ခန့်မှန်းကြည့်နိုင်ပါတယ်။

အကျဉ်းချုပ်ရရင် ဂျပန်နိုင်ငံ ဖူကူရှီးမားဓာတ်ပေါင်းဖိုက အဏုမြူသတ္တိကြွရေတွေကို ပြန်လည်သန့်စင်ပြီး ပင်လယ်ပြင်တွင်း စွန့်ပစ်တဲ့ဖြစ်စဉ်ကြောင့် လူသားတွေအတွက် ရေရှည်ဘေးထွက်ဆိုးကျိုးတွေ ရှိလာနိုင်မလားဆိုတာ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ အနည်းနဲ့အများတော့ စိတ်ပူပင်ကြမှာဖြစ်တယ်ဆိုတာ မငြင်းနိုင်တဲ့ အချက်ဖြစ်ပါတယ်။ ဒီစွန့်ပစ်မှုကနေ မည်သည့်ဘေးထွက်ဆိုးကျိုးမှ ဖြစ်မလာစေဖို့လည်း အားလုံးက မျှော်လင့်ကြမှာဖြစ်ပါတယ်။ ဂျပန်အစိုးရတာဝန်ရှိသူတွေကတော့ သန့်စင်ပြီး ရေတွေ ပြန်လည်စွန့်ပစ်တဲ့နေ့ကစပြီး ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုအနီး ပင်လယ်ပြင်မှာ ထရစ်တြီယံ (Tritium) ဓာတ်သတ္တိကြွမှုတွေ မြင့်တက်လာနိုင်မှုကို နေ့စဉ်တိုင်းတာမှုတွေ ပြုလုပ်လျက်ရှိရာမှာ မြင့်တက်လာမှုမရှိတာကို တွေ့မြင်ရတယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ သို့သော်လည်း ယခုပြန်လည်စွန့်ပစ်မှုလုပ်ငန်းစဉ်ဟာ နှစ်ပေါင်း ၃၀ လောက်အချိန်ယူဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် အနာဂတ်မျိုးဆက်တွေ လက်ထက်မှာလည်း ဘေးထွက်ဆိုးကျိုးတွေ မရှိလာပါစေနဲ့လို့ မျှော်လင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

**ရည်ညွှန်း**

- ဂျပန်နိုင်ငံ စနစ်တကျကိုင်တွယ်ဖြေရှင်းနေရတဲ့ ဖူကူရှီးမားဓာတ်ပေါင်းဖို အဏုမြူစွန့်ပစ်ပစ္စည်း အခက်အခဲ (တက္ကသိုလ်မောင်ရှုပ) ၂၀၂၂ ဖေဖော်ဝါရီ ၂၄၊ ၂၅၊ ၂၆ မြန်မာ့အလင်း သတင်းစာ
- The Fukushima Disaster by Wise World Information Service on Energy
- Japan's news resources (Japan Times, Japan News, Nikkei Asia, Kyodo News, Japan Today)

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြသဖြင့် အထူးစည်ကား





**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်း တည်ထားကိုးကွယ် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ဖြစ်သည်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုကြသဖြင့် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း အထူးစည်ကားလျက်ရှိသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စတင်ဖူးမြော်ခွင့်ရသည့် နံနက်ပိုင်းမှစတင်၍ ဘုရားဖူး မော်တော်ယာဉ်များ လာရောက်မှု များပြားသဖြင့် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် ယာဉ်ကြောရှင်းပေးခြင်းနှင့် တာဝန်ရှိသူများကလည်း ဘုရားဖူးလာ ပြည်သူများကို ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ဘုရားမုခ်ဦးရှေ့များတွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရွှင်လန်းစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ဆီသို့ သွားလာရေးလွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များဖြင့် ပို့ဆောင်ပေးခြင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် သက်ကြီးဘိုးဘွားများအား ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အစီအမံဖြင့် ဝန်ထမ်းများ အစိုးရရုံးပိတ်ရက်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စီစဉ်ပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ ၁၉ ခုနှင့် ခရိုင် ရှစ်ခရိုင်မှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစု စုစုပေါင်း ၈၀၀ ခန့် ရန်ကုန်မြို့မှ နေပြည်တော်သို့ လာရောက်၍ ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြရာ ဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စိတ်ကြည်နူးချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုခြင်း၊ စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများ အားထုတ်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များအသုံးပြု၍ အနုပညာလက်ရာ ကွဲပြားစွာ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက် ၂၄ ဆောင်တို့ကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကာ ရင်ပြင်တော်ပေါ်ရှိ သဒ္ဓါမိပတိ ခေါင်းလောင်းတော်ကြီးအား တီးခတ်၍ ကုသိုလ်အဖို့ဘာဂ အမျှဝေကြသူများ၊ ဘုရားရင်ပြင်တော် အောင်မြေပေါ်တွင် အဓိဋ္ဌာန်ဆုတောင်း ဖူးမြော်ကြသူများဖြင့် စည်ကားလျက်သည်။

အလားတူ ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယကျောင်းတော်နှင့် သာသနာရေးဆိုင်ရာ အခမ်းအနားများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် သံဃာတော် အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီးကို သွားရောက် လေ့လာကြည့်ရှုကြပြီး အဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံ စေတီတော်အဆူ ၇၂၀ နှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပိဋကတ်တော်လာ အဆိုများ၊ မဟာဗုဒ္ဓဝင် ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထားသည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း စိတ်ဝင်စားစွာ ဖူးမြော်လေ့လာကြည်ညိုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျ ခမ်းနားထည်ဝါစွာတည်ဆောက်ထားသည့် ရေပန်းရင်ပြင်၊ ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်း အသေးနေရာများ၊ ရင်ပြင်တော်၊ ဗောဓိညောင်ပင်၊ လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်ပျိုများအနီး အစုအဖွဲ့အလိုက်၊ မိသားစုလိုက် ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက်ဆောက်လုပ်ထားသည့် သုဓမ္မာဇရပ်များ၌ အေးချမ်းစွာ အပန်းဖြေအနားယူကြသည်ကို တွေ့ရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့များနှင့် ဘုရားဖူးပြည်သူများသည် ဘုရားကြီးအား ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ဘုရားဂေါပကအဖွဲ့ထံ လှူဒါန်းကြ၍ သက်ဆိုင်ရာနေရာအသီးသီး၌ ထားရှိသည့် အလှူခံပုံးများတွင်လည်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းကြကာ ဘုရားဖူးလာရောက်သူများအနက်မှ

စာမျက်နှာ ၉ သို့





# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ခဲ့ကြသူများ၏ ရင်တွင်းပီတိစကားသံများ

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူပြည်သူများ အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**တွေ့ဆုံမေးမြန်း**
**ဟိန်းမင်းစိုး၊ ဂျိုင်းလော**
**ဓာတ်ပုံ - လုလင်ငယ်**



ဒေါ်ခင်ခင်ထွေး



ဦးလှညွန့်



ဒေါ်သီတာသိန်း



ဒေါ်ခို



ဒေါ်နွေးထွေးဦး

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် မြန်မာနိုင်ငံတစ်ဝန်းမှ မိဘပြည်သူများ၏ ရင်တွင်း ဝမ်းသာပီတိစကားသံများနှင့် သာဓုအနုမောဒနာခေါ်ဆိုသံများကို ပြန်လည်ရေးသားဖော်ပြလိုက်ရပါသည်။

**ဒေါ်ခင်ခင်ထွေး**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

မာရဝိဇယ ဘုရားကြီးဟာ ကမ္ဘာမှာရှိတဲ့ ထိုင်တော်မူဘုရားတွေထဲမှာ ဉာဏ်တော်အမြင့်ဆုံးဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါတွေ ဖြစ်ပြီးတဲ့နောက်မှာ ပြည်သူတွေ အများအားဖြင့် စိတ်ပင်ပန်းမှုတွေရှိကြတယ်။ အဲဒီစိတ်ပင်ပန်းမှုတွေရဲ့ ထွက်ပေါက်အနေနဲ့ စိတ်ပင်ပန်းမှုတွေကို ဖြေဖျောက်ရအောင်၊ စိတ်သက်သာရာရအောင် အခုလိုဘုရားကြီးကို လာရောက်ဖူးမြော်ရတဲ့အတွက် အင်မတန်ဝမ်းသာပီတိ ဖြစ်မိပါတယ်။ အခုလိုစီစဉ်ပေးတဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုလည်း ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအားလုံးရဲ့ကိုယ်စား ကျေးဇူးအထူးတင်ကြောင်း ပြောချင်ပါတယ်။ ဘုရားတွေမှာ အများအားဖြင့် မြန်မာမှုလက်ရာ ကနုတ်ပန်းဒီဇိုင်းတွေကို ရွှေရောင်ချယ်ထားတာတွေပဲ တွေ့ဖူးတာပါ။ အခုက စကျင်ရဲ့ အဖြူရောင်ပေါ်မှာ ထုဆစ်ထားတာကိုတွေ့ရတော့ တွေ့ရခဲတဲ့လက်ရာတွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ရတော့ ဝမ်းသာပီတိဖြစ်ပါတယ်။ ရန်ကုန်ကနေ နေပြည်တော်ကို လာရင်ပဲဖြစ်ဖြစ် အခြားခရီးသွားတာပဲ ဖြစ်ဖြစ် နေပြည်တော် တိုးဂိတ်နဲ့နီးတဲ့အတွက် ဘုရားကြီးကို ဝင်ရောက်ဖူးမြော်မယ်ဆိုရင် သိပ်မကြာပါဘူး။ ဒါကြောင့် အနယ်နယ်အရပ်ရပ်မှာရှိတဲ့ အရွယ်သုံးပါး ဗုဒ္ဓဘာသာဝင် ဘုရားဖူးပြည်သူတွေအားလုံးကို နေပြည်တော်မှာ တည်ရှိတဲ့ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ရဟန်း၊ သံဃာတွေနဲ့ ဘုရားဖူးပြည်သူတွေအတွက် ဝင်ကြေးကို အခမဲ့ သတ်မှတ်ပြီး ဘုရားကြီးရေရှည်တည်တံ့ခိုင်မြဲဖို့နဲ့ လိုအပ်တဲ့ ပြုပြင်ထိန်းသိမ်းမှုတွေ ပြုလုပ်ဖို့ ကင်မရာပါတဲ့ဖုန်းတွေ၊ ကားတွေကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝင်ကြေးကောက်ခံတာကလည်း ကောင်းမွန်တဲ့ အစီအစဉ်လို့ ပြောချင်ပါတယ်။ ဘုရားကြီးကလည်း အလွန်သပ္ပာယ်တာကြောင့် လာရောက်ဖူးမြော်ကြပြီး ကုသိုလ်ဘာဝနာများ ပွားများကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဦးလှညွန့် ( တောင်ငူမြို့)**

ကျွန်တော်တို့ အသက်အရွယ်ကလည်း ကြီးပြီဆိုတော့ တစ်သက်မှာတစ်ခါ အခုလိုဘုရားကြီးကို ဖူးမြော်ချင်လွန်းလို့ အသိမိတ်ဆွေတွေစုပြီး လာရောက်ဖူးမြော်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်သက် ဖူးမြော်ခဲ့ရတဲ့ ဘုရားတွေထဲမှာ စကျင်ကျောက်နဲ့ ထုဆစ်ထားတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက အင်မတန်မှ ထူးခြားသပ္ပာယ်ပါတယ်။ ရင်ထဲက ဖူးမြော်ချင်နေတဲ့ဆန္ဒလေး ပြည့်ဝသွားတော့ အလွန်အားရဝမ်းသာ ဖြစ်မိပါတယ်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ အတွက်လည်း ဒီဘုရားကြီးဟာ သမိုင်းစဉ်ဆက် ဂုဏ်ယူစရာကောင်းပြီး သာသနာတော်အတွက်လည်း အဓွန့်ရှည်ဦးမယ့် ဘုရားကြီးတစ်ဆူပါ။ အခုလို ကမ္ဘာပေါ်မှာ ဉာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အခက်အခဲအမျိုးမျိုး ကျော်လွှားပြီး ခမ်းနားထည်ဝါစွာ တည်ထား ပူဇော်ပေးတဲ့အတွက် နိုင်ငံတော် အကြီးအကဲအားလုံးကို ကျေးဇူးတင်ပါတယ်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြတဲ့ ဆရာတော်၊ သံဃာတော်တွေ၊ သက်ကြီးရွယ်အိုတွေနဲ့ မသန်စွမ်းသူတွေအတွက် ယာဉ်ငယ်တွေ စနစ်တကျ စီစဉ်ပေးထားတဲ့အပြင် ဘုရားရင်ပြင်တော်ပေါ်ကို တက်တဲ့အခါမှာ စက်လှေကားထားရှိထားတာ ကျွန်တော်တို့လို အသက်ကြီးသူတွေ အတွက် အလွန်အဆင်ပြေပါတယ်။

**ဒေါ်သီတာသိန်း**
**တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးရုံးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အခုလို မျက်မြင်ကိုယ်တွေ့ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ရတော့ စိတ်ထဲမှာ အလွန်ဝမ်းသာကြည်နူးပြီး ကုသိုလ်စိတ်တွေ ဖြစ်ပွားမိပါတယ်။ ဘုရားရှိခိုးပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခဲ့ပါတယ်။ ခုနစ်ရက်သားသမီးအပေါင်းနဲ့ အရပ်ဆယ်မျက်နှာကိုလည်း အမျှဝေ ဆုတောင်းမေတ္တာပို့ခဲ့ပါတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်ပါတယ်။ ရင်ပြင်တော်မှာ နေပူလို့ နေရိပ်ခိုရင်း ဘုရားကြီး ရင်ပြင်တော် ပတ်လည်မှာရှိတဲ့ စကျင်ကျောက်တွေနဲ့ တည်ဆောက်ထားတဲ့ ဂန္ဓကုဋီတိုက်တွေကို ကြည့်ရှုလေ့လာနေတာပါ။ နောက်ပြီး သာသနာရေးဆိုင်ရာ အခမ်းအနားတွေ ကျင်းပမယ့် အဂ္ဂါဓိပတိ သာသနဗိမာန်တော်ကြီးနဲ့ ကျောက်စာရုံစေတီတော်တွေကို သွားရောက်လေ့လာမှာဖြစ်ပါတယ်။ ဒီလိုမျိုး ကြည်ညိုသပ္ပာယ်ဖို့ကောင်းတဲ့ ဘုရားကြီးကို တည်ဆောက် ပူဇော်ပေးကြတဲ့ တာဝန်ရှိသူတွေ အားလုံးကိုလည်း ဗုဒ္ဓဘာသာဝင်တွေ ကိုယ်စား အထူး ကျေးဇူးတင်ပါတယ်။ ခမ်းနားထည်ဝါပြီး ကြည်ညိုစရာကောင်းတဲ့ ဘုရားကြီးကို ရပ်ဝေး၊ ရပ်နီးက မိတ်ဆွေတွေကို လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါ်ခို**
**ရွှေပန်းတိုင်ကျေးရွာ**
**မိတ္ထီလာမြို့နယ်**

ဒီဘုရားကြီး စတင်တည်ဆောက်ပူဇော်ကတည်းက ဖူးချင်နေခဲ့တာပါ။ ရုပ်မြင်သံကြားကနေ ဖူးမြော်ခွင့်ရပေမယ့် အပြင်မှာ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ချင်တဲ့အတွက် နေမကောင်းပေမယ့် မိသားစုနဲ့အတူ လိုက်လာပြီး လာရောက်ဖူးမြော်တာပါ။ ဘုရားကြီးကို အခုလက်တွေ့မျက်မြင် ဖူးတွေ့လိုက်ရတဲ့အတွက် ရင်ထဲကဆန္ဒတွေ ပြည့်ဝသွားပါတယ်။ သာသနိက အဆောက်အအုံတွေကို အခုလို အပြင်မှာမြင်တွေ့ရတော့ အံ့ဩမိတယ်။ ကြီးကျယ်ခမ်းနားထည်ဝါစွာ တည်ဆောက်ထားတဲ့ ဗိမာန်တော်ကြီး ဆိုရင်လည်း ဘဝမှာ အခုမှမြင်ဖူးတာပါ။ ဘုရားဖူးတွေ အေးအေးဆေးဆေးနားနေဖို့ အဆောင်တွေကို စနစ်တကျထည့်သွင်း တည်ဆောက် ပေးထားတဲ့အတွက် ဘုရားဖူးရင်း ပြည်သူတွေ အဆင်ပြေစွာ အနားယူနေကြတာကိုလည်း တွေ့ရတယ်။ ကြည်ညိုသပ္ပာယ်ဖို့ကောင်းတဲ့ ဘုရားကြီးကို တည်ဆောက် ပူဇော်ပေးကြတဲ့ တာဝန်ရှိသူတွေ အားလုံးကိုလည်း ဗုဒ္ဓဘာသာဝင်တွေ ကိုယ်စား အထူးကျေးဇူးတင်ပါတယ်။

**ဒေါ်နွေးထွေးဦး**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

ဒီဘုရားကြီးကို ဖွင့်ပွဲမှာ စပြီးမြင်ဖူးတာပါ။ ကျွန်မတို့က ရွှေတိဂုံဘုရား၊ ကျိုက်ထီးရိုးဘုရားပဲ တွေ့မြင် ဖူးမြော်ဖူးတာပါ။ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်တွေ အနက် ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံးဘုရားဖြစ်တာကြောင့် အခုလို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်တဲ့အခါ ရင်ထဲမှာ အလွန်ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ဘုရားကြီးနဲ့ သာသနိကအဆောက်အအုံတွေက ဗိသုကာလက်ရာနဲ့ ပတ်သက်ပြီး ဘုရားကြီးမဖွင့်ခင်ကတည်းက ရှင်းလင်းပြသထားတာကိုလည်း ရုပ်မြင်သံကြားက အစီအစဉ်တွေ၊ သတင်းစာတွေမှာ တွေ့မြင်ရပါတယ်။ ဘုရားကြီး တည်ဆောက်ပူဇော်ဖို့ စကျင်ကျောက်တော်တွေ ပင့်ဆောင်ရာမှာ အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီး ပင့်ဆောင်ခဲ့ပုံအဆင့်ဆင့်ကို မြင်တွေ့ရတော့ နိုင်ငံတကာ အဆင့်လည်းမီတယ်။ ပြီးတော့ ဗိသုကာလက်ရာတွေကလည်း ပြောစရာမလိုလောက်အောင် ရေးမှုမပျက်ဘဲ ဆန်းသစ်စွာ ပြုလုပ်ထားတာကို တွေ့ရတယ်။ မြန်မာနိုင်ငံက အင်ဂျင်နီယာတွေရော ဘုရားကြီးကို တည်ဆောက်ပေးတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ဂုဏ်ယူလေးစားမိသလို ကျေးဇူးလည်းတင်ပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ ဘုရားကြီးမှာ လာရောက်ဖူးမြော်ကြတာတွေကို တွေ့ရတော့ တစ်နေရာတည်းမှာ ဆုံတွေ့ခွင့်ရပြီး ရင်းနှီးခွင့်လည်းရတော့ ပိုပြီးဝမ်းသာ ကြည်နူးမိပါတယ်။ ဘုရားကြီးကို လာရောက်မဖူးမြော်ရသေးတဲ့ အနယ်နယ်အရပ်ရပ်က ပြည်သူတွေအားလုံးကို လာရောက်ဖူးမြော်စေချင်ပါတယ်။ ဘုရားကြီးအတွင်း ဖုန်းတွေ၊ ကင်မရာတွေနဲ့ ကားဝင်ကြေးတွေ ကိုလည်း သင့်တင့်တဲ့ဈေးနှုန်းနဲ့ပဲ ကောက်ခံစေချင်ပါတယ်။ ပြည်သူတွေကို သက်သက်သာသာ ဖြစ်စေချင်တယ်။ ကျွန်မတို့ ပြည်သူတွေကလည်း အခုလို ကြည်ညိုသပ္ပာယ်စရာကောင်းပြီး ခမ်းနားထည်ဝါတဲ့ ဘုရားကြီးကို စည်းကမ်းရှိစွာ ဖူးမြော်ပြီး ဝိုင်းဝန်းထိန်းသိမ်းစေချင်သလို တာဝန်ရှိသူတွေကလည်း ဘုရားကြီး အဓွန့်ရှည်အောင် ထိန်းသိမ်းမှုများ ပြုလုပ်ပေးစေလိုပါတယ်။



❍ စာမျက်နှာ ၈ မှ

အချို့ကလည်း သဒ္ဓါတရားအရ ဘုရားရင်ပြင်တော် သန့်ရှင်းရေးကုသိုလ်များ ဆောင်ရွက်ခြင်း၊ အမှိုက်ပုံးများကို စနစ်တကျထားရှိထားရာ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းနှင့် ဖိနပ်များကို စနစ်တကျ သိမ်းဆည်းပေးခြင်းတို့ကိုလည်း ကုသိုလ်ဖြစ် ပြုလုပ်ပေးကြသည်ကို တွေ့ရသည်။

**ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်**

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရန် နေပြည်တော် သောက်ရေသန့်စက်ရုံမှ သောက်ရေသန့်ဘူးအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးနေသည့်အပြင် သုခမ္မာဇရပ်များနှင့် ဘုရားဝင်းအချို့နေရာများတွင် အလှူရှင်များက လှူဒါန်းထားသည့် ရေသန့်ဘူးများကို စနစ်တကျ သန့်ရှင်းစွာ ထားရှိပေးထားသကဲ့သို့ ဘုရားဖူးပြည်သူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်စဉ် ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း ဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

**သတင်း - ဟိန်းမင်းစိုး၊ ဂျိုင်းလော**
**ဓာတ်ပုံ - ကျော်ရဲဆွေ**

# ပြည်သူအားလုံးတွဲလက်ညီ သန်းခေါင်စာရင်းကောက်ပါမည်

**မောင်မုဒိတာ**

**ယခု သန်းခေါင်စာရင်းသည် ရက်တစ်ရက်၊ အချိန်တစ်ချိန်သတ်မှတ်၍ ကာလတစ်ခုအတွင်း လူဦးရေနှင့် အကြောင်းအရာအချက်အလက်များကို တစ်အိမ်တက်ဆင်းကောက်ယူသည့်စာရင်းကို ဆိုလိုသည်။ လာမည့် ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လုံးကျွတ်အဆင့် ကောက်ယူမည်ဖြစ်သည်။ ယင်းလုပ်ငန်းသည် အသစ်အဆန်းတော့မဟုတ်။ ခေတ်စနစ်နှင့်အညီ လုပ်နည်း၊ လုပ်ဟန်နှင့် အသုံးပြုရန်လိုအပ်သည့် အချက်အလက်များအပေါ်မူတည်ကာ အနည်းနှင့်အများ အပြောင်းအလဲတော့ရှိသည်။**

မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ကိုလိုနီလက်အောက် ကျရောက်နေချိန်ကတည်းက ကောက်ယူဆောင်ရွက်ခဲ့ကြောင်း အထောက်အထား မှတ်တမ်းများအရ သိရှိရသည်။ လွတ်လပ်ရေးရပြီးချိန် ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ပြီးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ ဒီမိုကရေစီအစိုးရအဖြစ် စတင်အုတ်မြစ်ချတာဝန်ယူခဲ့သည့် သမ္မတကြီးဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၄ ခုနှစ်တွင်မှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့သည်။ သို့ရာတွင် စာရင်းသဘောတရားအရ ၁၀ နှစ်ခန့်ကြာလျှင် စာရင်းကွာဟမှု ကြီးမားလာသဖြင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ယူရပေတော့မည်။

**၁၀ နှစ်လျှင် တစ်ကြိမ်သာဆောင်ရွက်နိုင်**

နိုင်ငံတိုင်းတွင် ယင်းနိုင်ငံနှင့် ပတ်သက်သည့် စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်ရေးသည် အလွန်အရေးကြီးသည့် အလျောက် လူမှုစီးပွားဆိုင်ရာ စာရင်းအင်း အချက်အလက်များကို ဆန်းစစ်လေ့လာခြင်းဖြင့် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို သုံးသပ်သိရှိနိုင်သည်။ ယင်းကဲ့သို့ တိကျမှန်ကန်သည့် လူဦးရေ၊ စာရင်းအင်းနှင့် လူမှုစီးပွားဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းကောက်ယူခြင်းမှသာ ရရှိနိုင်သည်။ နိုင်ငံတစ်နိုင်ငံသည် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံကာ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရသည်။ ထို့ကြောင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံတိုင်းက မဖြစ်မနေဆောင်ရွက်ကြရသည်။ သို့သော် ယင်းလုပ်ငန်းသည် တစ်တိုင်းတစ်ပြည်လုံး အတိုင်းအတာဖြင့် ဆောင်ရွက်ရသဖြင့် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ပြီး ငွေကုန်ကြေးကျများပြားသည့် လုပ်ငန်းတစ်ခုလည်းဖြစ်ပေသည်။ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ကမ္ဘာ့နိုင်ငံအများစုက ၁၀ နှစ်လျှင် တစ်ကြိမ်သာ ဆောင်ရွက်နိုင်ကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံသည်လည်း ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ကောက်ယူဆောင်ရွက်ခဲ့သည့်အတွက် လာမည့် ၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူရန် အချိန်စေ့ရောက်မည်ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်သည်။ ယင်းလုပ်ငန်းကို အဓိကတာဝန်ယူဆောင်ရွက်ရမည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်း ပြည်လုံးကျွတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံချက်ရေးဆွဲကာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းအဆင့်(၄)ဆင့်ဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းဇယားပြုစုခြင်းလုပ်ငန်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်း စသည်တို့ကို စတင်ဆောင်ရွက်ချိန်မှ ၅၄ လခန့်ကြာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယင်းလုပ်ငန်းများအနက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းသည် ကာလအရှည်ကြာဆုံးဖြစ်ပြီး လုပ်ငန်းစတင်ချိန်မှ ၃၆ လ (နှစ်အားဖြင့် သုံးနှစ်) ကြာမြင့်မည်ဖြစ်သည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရန်အတွက် ရက်တစ်ရက်၊ အချိန်တစ်ချိန်အဖြစ် သန်းခေါင်စာရင်း ရည်ညွှန်းချိန်အား ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ကို သတ်မှတ်ထားရာ သန်းခေါင်စာရင်းရည်ညွှန်းချိန်၏ နောက်တစ်နေ့ဖြစ်သော ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရက်ပေါင်း ၁၅ ရက်ကြာ တစ်နိုင်ငံလုံး တစ်ပြိုင်တည်းကောက်ယူမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင်လည်း လူဦးရေစုစုပေါင်း ၅၇ သန်းခန့်ရှိ အိမ်ထောင်စုပေါင်း ၁၃ သန်းကို စာရင်းကောက်ကွက်ပေါင်း ၁၁၀၀၀၀ ခန့်ခွဲကာ လျာထားသတ်မှတ်ဆောင်ရွက်ခြင်းဖြစ်သည်။

**မေးခွန်းများမေးမြန်းကောက်ယူမည်**

သန်းခေါင်စာရင်း ကောက်ယူရာတွင် အိမ်ထောင်စုအလိုက် လူဦးရေအချက်အလက်ကိုသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက် လူဦးရေအချက်အလက်ကိုသော်လည်းကောင်း မေးခွန်းများမေးမြန်းကောက်ယူမည်ဖြစ်သည်။ အိမ်ထောင်စုအလိုက်အတွက် အိမ်ထောင်ဦးစီး သို့မဟုတ် ယင်းအိမ်ထောင်စုကို ကိုယ်စားပြုသည့် အရွယ်ရောက်ပြီးသူတစ်ဦးက ဖြေကြားပေးရန်သာဖြစ်သည်။ အဖွဲ့အစည်းဆိုရာတွင် ဘုန်းကြီးကျောင်း၊ ဘိုးဘွားရိပ်သာ၊ ဂေဟာ၊ ဆေးရုံ၊ အကျဉ်းထောင်၊ စစ်တန်းလျား(လူပျို/အပျိုလိုင်း)၊ အိမ်ခြေရာမဲ့များဟု ခေါ်သည့် အိုးမဲ့အိမ်မဲ့ဖြစ်နေသူများ၊ ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာနေသူများ စသည်ဖြင့် အစုအဖွဲ့အလိုက် နေထိုင်ကြသူများကို ဆိုလိုသည်။ ယင်းသို့ အဖွဲ့အစည်းအလိုက်အတွက်ကိုမူ အစုအဖွဲ့၊ အဖွဲ့အစည်းတာဝန်ခံကို မေးမြန်းကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံအတွင်း ရှိနေသူအားလုံးကို စာရင်းကောက်ယူမည့်သဘော။ အိမ်ထောင်စုအလိုက်နှင့် အဖွဲ့အစည်းအလိုက် သတ်မှတ်ကောက်ယူရာတွင် မေးခွန်းအရေအတွက် အနည်းအများ ကွဲပြားမှုရှိနိုင်သည်။

**CAPI စနစ်ဖြင့် ကောက်ယူ**

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် ၂၀၁၄ ခုနှစ်နှင့် တူညီမှုမရှိသည်က ၂၀၂၄ ခုနှစ်တွင် နည်းပညာကိုအသုံးပြုမည့် Computer Assisted Personal Interviewing (CAPI) စနစ်ဖြင့် Mobile Tablet များ အသုံးပြုကောက်ယူမည် ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်သည် အစိမ်းသက်သက်မဟုတ်ပေ။ ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ကြားဖြတ်သန်းခေါင်စာရင်းကိုလည်း CAPI စနစ်ဖြင့် ကောက်ယူခဲ့သည်။ တစ်နိုင်ငံလုံး မဟုတ်သော်လည်း ခရိုင်အဆင့်ကိုယ်စားပြုအဖြစ် သမားရိုးကျ အိမ်ထောင်စု တစ်သိန်းသုံးသောင်းကျော်ကို ကောက်ယူခဲ့သည်။ ယခု ၂၀၂၄ ခုနှစ်တွင်လည်း စာရင်းကောက်များက Mobile Tablet များ အသုံးပြု၍ CAPI နည်းဖြင့် တစ်အိမ်တက်ဆင်း မေးမြန်းကောက်ယူသွားမည်ဖြစ်သည်။ CAPI စနစ်သည် ပိုမိုတိကျမှန်ကန်မှုရှိသည့် အချက်အလက်များကို လျင်လျင်မြန်မြန်ရရှိနိုင်သည့် ခေတ်မီနည်းပညာအသုံးပြုသည့်စနစ်ဖြစ်သည်။ ယင်းနည်းလမ်းကို နိုင်ငံတကာတွင်လည်း အသုံးပြုနေကြပြီဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် အိမ်ထောင်စုများ မထပ်မကျန်စေရေးနှင့် အုပ်ချုပ်ထောက်ပံ့မှု လွယ်ကူအဆင်ပြေစေရေးအတွက် အဓိကကျသည့် ကောက်ကွက်များ ဖွဲ့စည်းနိုင်ရန် ယခုအခါ လဝက ဝန်ထမ်းများက ပထဝီဝင်သတင်းအချက်အလက်စနစ် (Geographic Information System–GIS) နည်းပညာဖြင့် ရပ်ကွက်/ ကျေးရွာအရောက် Point ကောက်ခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ Point ကောက်သည့်နေရာများအရ မြေပုံများရေးဆွဲ၍ စာရင်းကောက်ကွက်များဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ပြီးလျှင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် သန်းခေါင်စာရင်းယူနစ်များ (Census Units) ရေးဆွဲသတ်မှတ်မည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်ကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မှသာ အိမ်ထောင်စု မထပ်မကျန်ဘဲ စာရင်းကောက်ဒေသများကို တိတိကျကျသတ်မှတ်ကာ စာရင်းကောက်ကွက်များ မှန်ကန်စွာ ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး သန်းခေါင်စာရင်းလုပ်ငန်း၏ အုပ်ချုပ်ထောက်ပံ့မှုလည်း လွယ်ကူအဆင်ပြေနိုင်မည်ဖြစ်သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် အိမ်ထောင်စုနှင့် အဖွဲ့အစည်းများ၏ လူဦးရေဆိုင်ရာ အချက်အလက်များဖြစ်သည့် ဆွေမျိုးသားချင်းတော်စပ်မှု၊ အသက်အပိုင်းအခြား၊ ကိုးကွယ်သည့်ဘာသာ၊ အထောက်အထား ကတ်တစ်မျိုးမျိုး ရရှိကိုင်ဆောင်မှုအခြေအနေ၊ တစ်ဦးချင်း၏ ပညာသင်ယူတတ်မြောက်မှု၊ အလုပ်အကိုင်ရရှိဆောင်ရွက်မှု၊ မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ အကြောင်းအရာအပြင် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှု၊ မသန်စွမ်းမှု၊ ပြည်တွင်း/ပြည်ပရွှေ့ပြောင်းသွားလာမှု စသည့်အခြေအနေအရပ်ရပ်ကို သိရှိနိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၁၁ သို့ ❉**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ သန်းခေါင်စာရင်းကောက်ယူနေမှုကို တွေ့ရစဉ်။

**“၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် ၂၀၁၄ ခုနှစ်နှင့် တူညီမှုမရှိသည်က ၂၀၂၄ ခုနှစ်တွင် နည်းပညာကိုအသုံးပြုမည့် Computer Assisted Personal Interviewing (CAPI) စနစ်ဖြင့် Mobile Tablet များ အသုံးပြုကောက်ယူမည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်သည် အစိမ်းသက်သက် မဟုတ်ပေ။ ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ကြားဖြတ်သန်းခေါင်စာရင်းကိုလည်း CAPI စနစ်ဖြင့် ကောက်ယူခဲ့သည်။ တစ်နိုင်ငံလုံးမဟုတ်သော်လည်း ခရိုင်အဆင့်ကိုယ်စားပြုအဖြစ် သမားရိုးကျ အိမ်ထောင်စုတစ်သိန်းသုံးသောင်းကျော်ကို ကောက်ယူခဲ့သည်။ CAPI စနစ်သည် ပိုမိုတိကျမှန်ကန်မှုရှိသည့် အချက်အလက်များကို လျင်လျင်မြန်မြန်ရရှိနိုင်သည့် ခေတ်မီနည်းပညာ အသုံးပြုသည့်စနစ်ဖြစ်”**

## မွေးမြူရေးဇုန်နှင့် တစ်ဖက်ပိတ်ဆည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့မွေးမြူရေးဇုန်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက စမ်းသပ် ဆောင်ရွက်လျက်ရှိသော တစ်ကြိမ်လျှင် မျိုးဘဲဥအလုံးရေ ၁၂၀၀၀ ကျော် မျိုးဖောက်နိုင်သည့် ဘဲဥဖောက်စက်များ စမ်းသပ်မောင်းနှင်နေမှုနှင့် မွေးမြူရေးတိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း BSL–3 ဓာတ်ခွဲခန်း လုပ်ငန်းများတွင် ရေအသုံးပြုနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အလျား ပေ ၃၃၀၊ အမြင့် ၃၆ ပေရှိ တစ်ဖက်ပိတ်ဆည် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာ ကံကောင်းမွေးမြူရေးခြံရှင်းလင်းဆောင်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် မွေးမြူရေး တောင်သူများနှင့် တွေ့ဆုံ၍ လုပ်ငန်းများတိုးတက်အောင်မြင်ရေးအတွက် နည်းပညာနှင့် အကူအညီလိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနများနှင့် ဆက်သွယ် ဆောင်ရွက်နိုင်မှု၊ မွေးမြူရေးလုပ်ငန်း ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ယုဇနကုမ္ပဏီလီမိတက်မှ ငှားရမ်း အသုံးပြုလျက်ရှိသည့် စိုက်ပျိုးရေးဦးစီးဌာနပိုင် အမှတ်(၂) ပျဉ်းမနားသကြားစက်သို့ရောက်ရှိရာ စက်လည်ပတ်မှုနှင့် စက်များ ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

World First Aid Day

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၉)ရက်။

"ဒစ်ဂျစ်တယ်ကမ္ဘာထဲက ရှေးဦးပြုစုနည်းပညာ"

First Aid in the Digital World


## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

## ဒေးဒရဲမြို့နယ် တော်ချိုက်ကျေးရွာ၌ အသေးစားဓာတ်အားပေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဒေးဒရဲ စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် တော်ချိုက်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ZLT Super Electrical ကုမ္ပဏီနှင့်ပူးပေါင်း၍ အသေးစားဓာတ်အားပေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဇော်မျိုး၊ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ တော်ချိုက်ကျေးရွာ၌ အသေးစားဓာတ်အားပေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဇေယျာဇော်မျိုးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

အသေးစားဓာတ်အားပေးလုပ်ငန်းတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာ၊ ဒီဇယ်ဂျင်နရေတာ၊ ဘက်ထရီပါဝင်ပြီး ထုတ်လုပ်နိုင်မှုစွမ်းအားမှာ ၁၅၈ ဒသမ ၄ KW ဖြစ်ကြောင်း၊ နိုင်ငံတော်က စီမံကိန်းထောက်ပံ့ငွေ ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီက ရင်းနှီးမြှုပ်နှံငွေ ၂၀ ရာခိုင်နှုန်း၊ ကျေးရွာလူထုက လုပ်အားနှင့်ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပြီး လက်ရှိတွင် လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

✻ စာမျက်နှာ ၁၀ မှ

ယင်းအချက်အလက်များအရ ကျောင်းသားအချိုးနှင့် ကျောင်းဆရာအချိုး ချင့်ချိန်ခြင်း၊ လိုအပ်သော ကျောင်းအဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းခြင်း၊ ကျန်းမာရေးအတွက် လိုအပ်သည့် ဆေးပေးခန်း၊ ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါး ဖြည့်တင်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းစသည်တို့ကို တာဝန်ရှိသူများအနေဖြင့် လိုအပ်သလို စီမံခန့်ခွဲဆောင်ရွက်နိုင်မည်ဖြစ်သည်။ အိမ်အကြောင်းအရာ အချက်အလက်များအရ နေထိုင်မှုပုံစံ၊ ဝါး၊ သက်ငယ်၊ ပျဉ်၊ အုတ် စသည့် အိမ်အမျိုးအစားကို သိရှိရမည်။ အသုံးပြုသည့် ရေအခြေအနေ၊ လျှပ်စစ်မီးရရှိသုံးစွဲမှု၊ အိမ်သာအသုံးပြုမှု စသည့်အခြေအနေကို သိရှိနိုင်မည်ဖြစ်ပြီး လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်။ ယင်းအချက်အလက်များသည် ဥပမာသဘောသာ တင်ပြခြင်းဖြစ်သည်။ အချက်အလက်အသုံးပြုသူများ၏ အသုံးချနိုင်မှုအပေါ်မူတည်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် စီမံကိန်းများ အသေးစိတ်ရေးဆွဲအကောင်အထည်ဖော်နိုင်သည်။ သန်းခေါင်စာရင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာတစ်ခုမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအထိ လိုအပ်သည့် အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းဖြစ်သည်။ ယင်းအချက်အလက်များအပေါ်မူတည်၍ အချက်အလက် အသုံးပြုသူများက စီမံချက်ကို တိတိကျကျ ရေးဆွဲအကောင်အထည်ဖော်လျှင် ထိရောက်အောင်မြင်သောရလဒ်များ ထွက်ပေါ်လာမည်မှာ မလွဲကေန်ဖြစ်သည်။ ထို့ကြောင့် တိကျမှန်ကန်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ အချက်အလက်များရရှိရေးအတွက် နိုင်ငံတိုင်းက သန်းခေါင်စာရင်းကို မဖြစ်မနေ ကောက်ယူကြခြင်းဖြစ်သည်။

### ပြည်သူအားလုံးနှင့်သက်ဆိုင်

သန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များသည် နိုင်ငံတော်အစိုးရအပါအဝင် ဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်မည်မဟုတ်။ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးနှင့် သက်ဆိုင်သည်။ လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကိစ္စရပ်များ၏ ဘက်စုံ၊ ကဏ္ဍစုံအတွက် မဖြစ်မနေ အခြေခံအသုံးပြုရသည့် အချက်အလက်များ ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိကကောက်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း အားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။ လုပ်ငန်းနှင့်ပတ်သက်၍လည်း ကြီးကြပ်ကွပ်ကဲမှု၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု၊ ကွင်းဆင်းကောက်ယူမှု စသည်တို့အတွက် လိုအပ်သည့် ကော်မတီအရပ်ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများကိုလည်း စီမံချက်ပါအတိုင်း တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းလုပ်ငန်းစဉ်တစ်ခုလုံးနှင့် ရရှိသည့်အချက်အလက်များကို နိုင်ငံတကာက အသိအမှတ်ပြုကာ အရည်အသွေးပြည့်မီသော အချက်အလက်များအဖြစ် ချီးကျူးခဲ့သည်။ ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းရလဒ်ကိုလည်း နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

### မှန်ကန်စွာ ဖြည့်သွင်းရန်တာဝန်ရှိ

စာရင်းစစ်များ မေးမြန်းကောက်ယူခဲ့သည့် လူတစ်ဦးချင်းစီ၏ အချက်အလက်၊ အကြောင်းအရာများနှင့်ပတ်သက်၍လည်း တည်ဆဲဥပဒေဖြစ်သည့် ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေက လုံလုံခြုံခြုံ ကာကွယ်ပေးထားပြီးလည်းဖြစ်သည်။ မေးခွန်းမေးမြန်းခြင်းခံရသူကလည်း မှန်ကန်စွာဖြေဆိုရန် တာဝန်ရှိသကဲ့သို့ စာရင်းကောက်များကလည်း ဖြေကြားချက်ကို စာရင်းပုံစံများတွင် မှန်ကန်စွာ ဖြည့်သွင်းရန်လည်း တာဝန်ရှိသည်။ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း (သို့မဟုတ်) စစ်ဆေးခြင်း မပြုရဟုလည်း ဥပဒေတွင် ပါရှိပြီးဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် **"သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံအဆင့် အရေးကြီးပြီး အသုံးဝင်သည့် အချက်အလက်များ ဖြစ်သည့်အတွက် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစဉ်ကို နိုင်ငံတော်၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အောင်မြင်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"** ဖြင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အတိအလင်း မီးမောင်းထိုး တိုက်တွန်းပြောကြားခဲ့သည်။

### မေးမြန်းချက်များအပေါ် မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်

ပြည်သူများအနေဖြင့် အဓိကဆောင်ရွက်ပေးရန်မှာ နိုင်ငံတော်အတွက် အရေးပါအသုံးတည့်ပြီး အရေးကြီးသည့် ကိန်းဂဏန်းအချက်အလက်များ ရရှိရေးအတွက် နိုင်ငံတော်မှ တရားဝင်ခန့်ထားသည့် စာရင်းကောက်များ တစ်အိမ်တက်ဆင်း မေးမြန်းကောက်ယူရာတွင် ဖြေကြားမည့်သူ ပြည်သူများက မေးမြန်းချက်များအပေါ် မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင် ကူညီပံ့ပိုးပေးရန်သာဖြစ်သည်။ သို့မှသာ တိကျမှန်ကန်သော အချက်အလက်များကို အသုံးပြု၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို တိတိကျကျ ရေးဆွဲချမှတ်နိုင်မည်ဖြစ်သည်။ ယင်းကဲ့သို့ တိကျသော စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နိုင်ခြင်းကြောင့် ရည်ညွှန်းချက်ကို အောင်အောင်မြင်မြင် ချောချောမွေ့မွေ့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံ၏အနာဂတ်ကို လှပစွာပုံဖော်နိုင်ရေးအတွက် အသွေးရောင်စုံ ဆေးရောင်စုံကို စုပ်ချက်ညီညီ ရေးခြယ်နိုင်ရန် အားလုံးမှာတာဝန်ရှိနေသည့်အတွက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို သူ့အရေး၊ ကိုယ့်အရေး၊ အားလုံးအရေး၊ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ လက်တွဲညီညီ ကြိုးပမ်းကြရေး မုဒိတာစိတ်လေးဖြင့် နိုင်ငံ့အကျိုးမျှော်၍ နှိုးဆော်တင်ပြရပါသည်။

**"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့"။** ။

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တပ်ကုန်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဒါယကာ ပရိသတ်များက တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒသီရိ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။



ဆက်လက်၍ မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော်ထံ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက လည်းကောင်း၊ ဂိုဏ်းထောက်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က လည်းကောင်း၊ ရွှေအင်းရိပ်သာ ကျောင်းတိုက်ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က လည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့်ဆီ၊ ဆား၊ ပဲ၊ ဆေးများကို မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်တို့က လက်ခံရယူကြသည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်မတော်အရာရှိကြီးတစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များနှင့် သဒ္ဓါမိက ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ် မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၅၀၈၅၀၀၀ ၊ ဆန် ၄၉၈ အိတ်၊ ဆီ ၁၄၉ ဒသမ ၄ ပိဿာ၊ ပဲ ၁၄၉၄ ပိဿာ၊ ဆား ၁၄၉၄ ပိဿာ၊ ဆေးမျိုးစုံဘူး ၃၄၈၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံရေတပ်ဦးစီးအရာရှိများ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်

နေပြည်တော် စက်တင်ဘာ ၃

ရန်ကုန်မြို့၌ ပြုလုပ်သည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံရေတပ်ဦးစီးအရာရှိများ တွေ့ဆုံဆွေးနွေးပွဲ (6th Myanmar–Bangladesh Navy to Navy Staff Talks) သို့ တက်ရောက်ရန် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ Commodore Mustaque Ahmed, (G), NPP,pcs,BN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး တပ်မတော်(ရေ)မှ ဗိုလ်မှူးချုပ်ကျော်ကျော်ထူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရေဝတီရေတပ်စခန်းဌာနချုပ် အရာရှိရိပ်သာ၌ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းကင်းလှည့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံရေတပ် စစ်ရေယာဉ်များနှင့် အရာရှိ၊ စစ်သည်များ အပြန်အလှန်အလည်အပတ်ခရီးစဉ်ဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်ဖလှယ်ချင်းဆိုင်ရာကိစ္စရပ်များနှင့် ပင်လယ်ပြင်ညစ်ညမ်းမှုကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးချက်များ သဘောတူလက်မှတ်ရေးထိုးပွဲကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ပြုလုပ်ပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဘင်္ဂလားဒေ့ရှ်ရေတပ်မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# မှော်ဘီမြို့နယ်၌ လယ်ယာမြေကို အခြားနည်းသုံးစွဲမှုများ ဖြေရှင်းဆောင်ရွက်ရန်နှင့် ထပ်မံမဖြစ်ပွားစေရန်အတွက် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်း စံနှုန်း ရေးဆွဲပြုစုရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

မှော်ဘီ စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း လယ်ယာမြေကိုအခြားနည်းသုံးစွဲမှုများ ဖြေရှင်းဆောင်ရွက်ရန်နှင့် ထပ်မံမဖြစ်ပွားစေရန်အတွက် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းစံနှုန်း(SOP) ရေးဆွဲပြုစုရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မှော်ဘီခရိုင် လယ်ယာမြေကို အခြားနည်းသုံးစွဲမှုများဖြေရှင်းဆောင်ရွက်ရန်နှင့် ထပ်မံမဖြစ်ပွားစေရန်အတွက် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure–SOP) ရေးဆွဲပြုစုရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားသည်။



ထို့နောက် မြို့နယ်လယ်ယာမြေကို အခြားနည်းသုံးစွဲမှုများ ဖြေရှင်းဆောင်ရွက်ရန်နှင့်ထပ်မံမဖြစ်ပွားစေရန်အတွက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း စံနှုန်း(SOP)ရေးဆွဲပြုစုရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်/ရပ်ကျေးအဆင့် လယ်ယာမြေကို အခြားနည်းသုံးစွဲမှုများ ဖြေရှင်းဆောင်ရွက်ရန်နှင့် ထပ်မံမဖြစ်ပွားစေရန်အတွက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းစံနှုန်း(SOP) ရေးဆွဲပြုစုရေးကော်မတီအဆင့်ဆင့် ဖြစ်ပေါ်လာပုံ၊ လုပ်ငန်းတာဝန်များ၊ မြေပြင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်(SOP)ရေးဆွဲရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းက လုပ်ငန်းစဉ်ဆွေးနွေးခြင်း၊ အွန်လိုင်းမှ မြေတိုင်းတာနည်းနှင့် Google earth pro application အသုံးပြုခြင်းကို ပို့ချဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းကြကာ မြို့နယ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၁၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၁၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကနေဒါအစိုးရက နိုင်ငံပိုင်မီဒီယာများကို ကာကွယ်ပေးသည့် ဥပဒေတစ်ရပ် အကောင်အထည်ဖော်ဆောင်လျက်ရှိ

**အော့တဝါ စက်တင်ဘာ ၃**

ကနေဒါအစိုးရက နိုင်ငံပိုင်မီဒီယာများကို ကာကွယ်ပေးသည့် ဥပဒေတစ်ရပ် အကောင်အထည်ဖော် ဆောင်လျက်ရှိကြောင်း ယမန်နေ့တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါဥပဒေတွင် ကမ္ဘာ့တစ်ဝန်းရှိ အင်တာနက်ကုမ္ပဏီကြီးများက ကနေဒါနိုင်ငံပိုင်မီဒီယာကို လျော်ကြေးငွေပေးဆောင်ရန် ကာကွယ်ပေးထားကြောင်း သိရသည်။

ကနေဒါပါလီမန်သည် ပြည်တွင်းမီဒီယာများကို ကာကွယ်ပေးရန် ရည်ရွယ်သည့် အွန်လိုင်းသတင်းအက်ဥပဒေကို ဇွန်လတွင် အတည်ပြုခဲ့သည်။

ဖေ့စ်ဘွတ်နှင့် အင်စတာဂရမ်တို့၏ မိခင်ကုမ္ပဏီဖြစ်သည့် မီတာနှင့် ဂူဂဲတို့သည် ၎င်းတို့၏ပလက်ဖောင်းများတွင် ကနေဒါနိုင်ငံနှင့်ပတ်သက်သည့် သတင်းများတင်သည့်အခါတွင် ကနေဒါနိုင်ငံအတွင်း ၎င်းတို့ရရှိသည့် တစ်နှစ်တာဝင်ငွေ၏ အနည်းဆုံး လေးရာခိုင်နှုန်းကို လျော်ကြေးငွေအဖြစ် ပေးဆောင်ရမည်ဖြစ်သည်။

ဖေ့စ်ဘွတ်သည် တစ်နှစ်လျှင် ကနေဒါဒေါ်လာ ၆၂ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၄၆ သန်းခန့်နှင့် ဂူဂဲသည် တစ်နှစ်လျှင် ကနေဒါဒေါ်လာ ၁၇၂ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၂၆ သန်းခန့် ပေးဆောင်ရဖွယ်ရှိသည်ဟု ကနေဒါအစိုးရက ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါ ကနေဒါနိုင်ငံပိုင်မီဒီယာများကိုကာကွယ်ပေးသည့်ဥပဒေကို မီတာက ကန့်ကွက်သည့်အနေဖြင့် ဩဂုတ်လမှစ၍ ကနေဒါနိုင်ငံအတွင်း သတင်းဖြန့်ဝေမှုများကို ရပ်တန့်ထားကြောင်း သိရသည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူးဒေါသည် ယခုနွေရာသီတွင် ကနေဒါနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် လူထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည့် တောမီးလောင်ကျွမ်းမှုသတင်းများကို ပိတ်ပင်ထားခြင်းကြောင့် မီတာကို ဝေဖန်ခဲ့သည်။




ဖေ့စ်ဘွတ်သည် ပြည်သူများ ဘေးကင်းရေးထက် အမြတ်အစွန်းများရရှိရေးကိုသာ ဦးစားပေးနေသည်ဟု ၎င်းကဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**




EXHIBITION FOR NUCLEAR-FREE WORLD OPENS ONLINE

# နျူကလီးယားလက်နက် ကင်းစင်သောကမ္ဘာ ပေါ်ထွန်းလာရန် ရည်ရွယ်သည့် အွန်လိုင်းပြပွဲတစ်ခု ကျင်းပ

**တိုကျို စက်တင်ဘာ ၃**

ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့တို့၌ အဏုမြူဗုံးကြဲချမှုမှ အသက်ရှင်ကျန်ရစ်သူများအဖွဲ့သည် နျူကလီးယားကင်းစင်သောကမ္ဘာ ပေါ်ထွန်းလာရေးအတွက် ရည်ရွယ်သည့် အွန်လိုင်းပြပွဲတစ်ခုကို ယနေ့ဖွင့်လှစ်ခဲ့သည်။

နျူကလီးယားလက်နက် အသုံးပြုမှု၏ အကျိုးဆက် ဆိုးကျိုးများကို ကမ္ဘာ့ပြည်သူများ ယခင်ကထက် ပိုမိုသိရှိထားရန်လိုအပ်ကြောင်း အဆိုပါအဖွဲ့၏ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် ဟာမာဆူမီဂျီရိုက ပြောကြားခဲ့သည်။

ဂျပန်နျူကလီးယားဗုံးဒဏ်ခံရသူများ အဖွဲ့ချုပ်နှင့် အခြားသော အကျိုးအမြတ်မယူသော အဖွဲ့အစည်းတို့က အဆိုပါပြပွဲကို ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ပြပွဲတွင် နျူကလီးယားဗုံးဒဏ်ခံရမှုဆိုင်ရာ ဓာတ်ပုံများနှင့် စာသားများပါဝင်သည့် မှတ်တမ်း ၅၀ ခန့် ပြသထားသည်။

ဟီရိုရှီးမားနှင့် နာဂါဆာကီတို့၌ ဗုံးကြဲခံရပြီးနောက် ပျက်စီးဆုံးရှုံးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို အွန်လိုင်းမှ လာရောက်ကြည့်ရှုသူများ တွေ့မြင်နိုင်သည်။

နျူကလီးယားလက်နက် ကင်းစင်သောကမ္ဘာကို အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည့် အဆိုပါဝက်ဘ်ဆိုက်ကို ဂျပန်နှင့် အင်္ဂလိပ်ဘာသာဖြင့် လေ့လာကြည့်ရှုနိုင်သည်။

မကြာမီအချိန်တွင် ရုရှားနှင့် တရုတ်ဘာသာစကားများဖြင့်ပါ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဉာဏ်ရည်တုနည်းပညာက ကမ္ဘာ့ချန်ပီယံအဆင့်ရှိ လူသားလေယာဉ်မှူးများကို ဒရုန်းပြိုင်ပွဲတွင် အနိုင်ရရှိခဲ့

**လန်ဒန် စက်တင်ဘာ ၃**

ဉာဏ်ရည်တုနည်းပညာစနစ်ဖြင့် မောင်းနှင်သည့်ဒရုန်းများသည် ဒရုန်းပြိုင်ပွဲတစ်ခုတွင် ကမ္ဘာ့ချန်ပီယံအဆင့်ရှိ လူသားလေယာဉ်မှူးများ မောင်းနှင်သည့်ဒရုန်းများကို အနိုင်ယူခဲ့ကြောင်း အနောက်တိုင်းသုတေသီများကဆိုသည်။

ဉာဏ်ရည်တုနည်းပညာစနစ်သည် လူသားလေယာဉ်မှူးများကို အနိုင်ယူခဲ့သည်နှင့်ပတ်သက်ပြီး ဆွစ်ဇာလန်သုတေသီအဖွဲ့တစ်ဖွဲ့က သိပ္ပံဂျာနယ် Nature တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ထိပ်တန်း လူသားလေယာဉ်မှူးသုံးဦး မောင်းနှင်သည့်ဒရုန်းများနှင့် ဉာဏ်ရည်တုနည်းပညာစနစ်ဖြင့် မောင်းနှင်သည့် ဒရုန်းများယှဉ်ပြိုင်ရာတွင် ဉာဏ်ရည်တုနည်းပညာစနစ်ဖြင့် မောင်းနှင်သည့် ဒရုန်းများက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ငါးပွဲနိုင် လေးပွဲရှုံး၊ လေးပွဲနိုင် သုံးပွဲရှုံး၊ ခြောက်ပွဲနိုင် သုံးပွဲရှုံးသည့် ရလဒ်များထွက်ပေါ်ခဲ့သည်။

ဉာဏ်ရည်တုနည်းပညာစနစ်ဖြင့် မောင်းနှင်သည့်ဒရုန်းများသည် လူသားလေယာဉ်မှူးများထက် သုည ဒသမ ၅ စက္ကန့်ခန့် ပိုမြန်ကြောင်းနှင့် ပြိုင်ပွဲစတင်ချိန်တွင် လျင်မြန်စွာပျံသန်းနိုင်ခဲ့ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာသည် ဒရုန်းစစ်ဆင်ရေးနည်းပညာနယ်ပယ်တွင် လူသားများကို အနိုင်ယူခဲ့သည်မှာ သမိုင်းဝင်ဖြစ်သည်ဟု ၎င်းတို့ကဆက်လက်ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာကို အလိုအလျောက်မောင်းနှင်သည့်စနစ်များနှင့် အခြားနေရာများတွင်လည်း အသုံးချနိုင်သည်ဟု ၎င်းကဆိုသည်။

ထို့ပြင် ဒရုန်းများသည် လူများနှင့်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ပိုမိုရေပန်းစားသောနည်းလမ်းတစ်ခုဖြစ်လာမည်ဟု မျှော်လင့်ရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# ဆီးရီးယား-အီရတ်နယ်စပ်တွင် စစ်အင်အားတည်ဆောက်နေမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများ သတိပေး

**ဒမတ်စကတ် စက်တင်ဘာ ၃**

ဆီးရီးယား-အီရတ် နယ်စပ်တွင် အမေရိကန်တပ်ဖွဲ့များ စစ်အင်အား တည်ဆောက်နေမှုသည် နိုင်ငံတကာစည်းမျဉ်းဥပဒေကို ချိုးဖောက်ခြင်းဖြစ်၍ အမေရိကန်ကို ၎င်းလုပ်ရပ်အား သတိပေးကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဇယ်မက်ကဒက်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန်အန်မာအဒိုလာဟင်တို့က ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။

**မှတ်ချက်ပြုပြောကြား**

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဟာကတ်ပြည်နယ်မှ အမေရိကန် အခြေစိုက်စခန်းရှိရာ အရှေ့တောင်ဘက် ဒေသအထိ ဆီးရီးယား-အီရတ် နယ်စပ်တွင် သူပုန်အဖွဲ့များအား စုစည်းရန် အမေရိကန်၏ ကြိုးပမ်းမှုကို စိုးရိမ်ကြောင်း ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းတို့နှစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ၎င်းဒေသအတွင်းမှ ထွက်ခွာသွားရန်လိုအပ်ကြောင်း အန်မာအဒိုလာဟင်က ပြောကြားသည်။

ဆီးရီးယား-အီရတ် နယ်စပ်ကို ထိန်းချုပ်ရန်နှင့် ဒေသတွင်း၌ အီရန်၏ ဩဇာလွှမ်းမိုးမှုအား တားဆီးရန် အမေရိကန်က စီစဉ်ဆောင်ရွက်နေကြောင်း ဆီးရီးယားအတိုက်အခံများက ပြောကြားသည်။

**ကိုးကား - စီဂျီတီအင်န်**
**ဘာသာပြန် - စိုးသူရ**

# တရုတ်နိုင်ငံသည် ယခုနှစ်တွင် ကားအစီးရေ ၂၇ သန်းခန့်တင်ပို့ရန် ရည်မှန်း

**ပေကျင်း စက်တင်ဘာ ၃**

တရုတ်နိုင်ငံသည် ယခုနှစ်တွင် ကားအစီးရေ ၂၇ သန်းခန့် ရောင်းချနိုင်စေရန် ရည်မှန်းထားပြီး ၂၀၂၂ ခုနှစ်အတွင်း ရောင်းချခဲ့သည့်အရေအတွက်ထက် သုံးရာခိုင်နှုန်းတိုးလာရန် ရည်မှန်းထားသည်။

တရုတ်အစိုးရသည် နှစ်စဉ်အားဖြင့် လျှပ်စစ်ကားအစီးရေ ကိုးသန်းဝန်းကျင် သို့မဟုတ် တစ်နှစ်ထက်တစ်နှစ် ၃၀ ရာခိုင်နှုန်းတိုးလာရန် ရည်မှန်းထားကြောင်း စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် အခြားအစိုးရဌာနခြောက်ခုတို့ ပူးပေါင်းထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့ပြင် ဓာတ်ဆီသုံးယာဉ်ဈေးကွက် တည်ငြိမ်စေခြင်း၊ မော်တော်ကားတင်ပို့မှုမြှင့်တင်ခြင်း၊ တစ်ပတ်ရစ်ကားဈေးကွက် ရှင်သန်စေခြင်း၊ ထုတ်ကုန်အရည်အသွေး ခိုင်မာစေခြင်း၊ စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များ တည်ငြိမ်စေခြင်းနှင့် အခြေခံအဆောက်အအုံများ တိုးတက်စေခြင်းတို့အပါအဝင် မော်တော်ကား ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို အကောင်အထည်ဖော်ရန် စီမံထားကြောင်း သိရသည်။

မော်တော်ကားကုမ္ပဏီများသည် နိုင်ငံတကာဈေးကွက်အတွက် ထုတ်ကုန်များထုတ်လုပ်ရန်နှင့် ပိုးလမ်းမစီမံကိန်းတွင်ပါရှိသည့် နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဈေးကွက်ရှာဖွေရန် ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်လုပ်ဆောင်ရန်လိုအပ်ကြောင်း အစီရင်ခံစာအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင်စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဗန်းမော်မြို့နယ် စီဟဲစုပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဗန်းမော်မြို့မှ မန္တလေးမြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လက်ဖက်ခြောက် ကီလိုဂရမ် ၁၃၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဝိုင်းမော်မြို့ ရွှေညောင်ပင်ကျေးရွာ၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ရှစ်လက်မခန့် ပိုက် ၁၂ ချောင်း၊ Changchai အင်ဂျင် တစ်လုံးနှင့် အလျား ခြောက်ပေ၊ အနံ နှစ်ပေ ခန့်ရှိ အစိမ်းရောင်မျှောဖတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)တို့ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၂၀၀၀၀)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၀ ရက်တွင် မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Gootie Water Proof Coating လေးကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၅၀၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၃၁ ရက်တွင် ကျိုင်းတုံမြို့ ပန်ဥ/ပန်ဆန်း ကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Duckhams Top Quality Motor Oil ပုလင်း ၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကိုလည်းကောင်း၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီး ပေါ်မှ PUMPKIN တံဆိပ်ပါ Rotary Hammer လေးခု အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၄၉၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၀၉၉၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ သုံးမိုင် နှစ်ဖာလုံခန့်အကွာ မုပ္ပလင်-စွပ္ပနူး-အင်္ဂဘိုရှောင်ကွင်းလမ်းအဝင် ရော်ဘာတော အတွင်း၌ ရပ်တန့်ထားသော လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီးနှင့် Toyota Kluger ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၃၁ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာနှင့် ကွဲလွဲစွာ ပါရှိလာသည့် ဓာတုပစ္စည်းဟု ယူဆရသော Toluene ၂၂၇၂၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၁၇၈၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Koyo Base Oil ၁၀၁၇၂ ဒသမ ၄ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၅၇၇၃၄)၊ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့်FRP Fiberglass ပလတ်စတစ်ဆန်ခါ ၁၁၀၈၄ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၇၆၄၀၀) နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Porcelain Tiles အချပ် ၉၀၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၅၄၀၈၀) ကိုလည်းကောင်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၊ နမ့်အွမ်ကျေးရွာအနီး ရှောင်ကွင်းလမ်းတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် DAILI အမှတ်တံဆိပ်ပါ တရုတ်နိုင်ငံထုတ်ဘီယာ ပုလင်း ၂၉၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၇၇၆၂၁၄) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ဩဂုတ် ၃၁ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က သံလွင်တံတား (ဘားအံ) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Yum Yum ခေါက်ဆွဲခြောက်အထုပ် ၁၅၀၀၊ Lactasoy ပဲနို့ဘူး ၄၈၀၀ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Voxy တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၉၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ကော့သောင်းမြို့ တော်ဝင်လမ်း အေးရိပ်ငြိမ်ရပ်ကွက် ၌ တရားမဝင်တင်သွင်းထားသည့် Wai Wai ခေါက်ဆွဲခြောက်အထုပ် ၁၈၀၀၊ Singha Beer ပုလင်း ၇၂၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီးအကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၇၉၆၁၁၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ မှ သိရသည်။

သတင်းစဉ်

# မြစ်ကြီးနားနှင့် ချမ်းမြသာစည်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ


နော်မိုင်(ခ)အင်ခွန်နော်နှင့် ရဲဇော်ဖြိုး(ခ)ရဲဇော်တို့အား သိမ်းဆည်း ရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် ညနေ ၄ နာရီတွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် လင်းရောင်ခြည် လမ်းပေါ်တွင် နော်မိုင်(ခ)အင်ခွန်နော် မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ရဲဇော်ဖြိုး(ခ) ရဲဇော် မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၉၀၀ ကိုလည်းကောင်း။

စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၄၇(A)လမ်း ၁၁၇ x ၁၁၈ လမ်းကြားရှိ မဇင်မင်းထွေး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၈၀၊ စိတ်ပြောင်းဆေးဝါး ကက်တမင်း သုည ဒသမ ၆၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၉-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ဩဂုတ်လ)(တတိယပိုင်း)
- ၀၉:၁၀ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- ၁၀:၃၀ Economic Review
- ၁၁:၃၀ ဘဝနှင့်အနုပညာ 'မြတ်မွန်ဘဝအစကကြိုးဝရက'(အပိုင်း-၂)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၄၅)
- ၁၃:၃၀ MRTV National News
- ၁၄:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လွင့်မျှဲ့အမုန်း' (အပိုင်း-၁၀)
- ၁၅:၃၅ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၃၅ မျိုးဆက်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၃၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၄၀ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာစုံး' (အပိုင်း-၄၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၁၀)
- ၂၂:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း' (အပိုင်း-၂၂)

**mitv**

- 07:01 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- 07:11 Bago: A City Of Famous Historic Pagoda
- 07:32 Myanmar Marionette
- 08:01 News
- 08:26 Global Updates; Rest your way healthy
- 08:35 Sri Ksetra, Field of Fortune & Glory (Part-1)
- 08:54 Dat Taw Gyaik Waterfall
- 09:01 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 1) 1945~1960
- 09:32 Discovering Tribes: Yin Net Tribe - Their Life and Customs
- 09:42 Chinlone and the dreams of the player
- 10:01 News
- 10:26 Number and Name more than 800 islands in Taninthayi Region

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ရှေးဟောင်းမွန်ရိုးရာတူရိယာ

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ရခိုင်ရိုးရာကြေးသွန်းလုပ်ငန်း နှင့်မြေပုံ(စံပြ) ကျေးရွာရဲ့ရေလုပ်ငန်းအကြောင်း

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ကွန်ဟိန်း-တောင်ကြီးကြားကရှမြင်းတဲ့လမ်းခရီး

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ဝရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ရွှေတံခါးမြို့လေးဆီသို့ခရီးတစ်ခေါက်

**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ကောက်ညှင်းကျည်တောက်လုပ်စားနည်း

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
စွန့်ပစ်ငှက်ပျောမှတန်ဖိုးမြင့်ထုတ်ကုန်လက်မှုထည်များဆီသို့

**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)**
ဖားစည်မြေမှရောင်စုံအလှ(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၃)

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ကျန်းမာရေးအတွက်အကျိုးအာနိသင်တွေပေးတဲ့မန်ကျည်းသီး

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ Weekly Selected News
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ "PR SYSTEM" ရှင်းလင်းပွဲ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၈)
- ၁၈:၀၀ Economic Review (အပိုင်း-၁၈)

**MRTV FARMERS' / HV Channel**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၀၅ တောင်သူများအထောက်အပံ့ဖြစ်စေဖို့ ပျားမွေးမြူကြစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ June Tour of Our South Garden! Garden Answer
- ၁၉:၀၀ Raise chickens for sale. How to raise newly hatched chicks with high efficiency.
- ၁၉:၃၀ How To Steer and Bury Pumpkin Vines
- ၁၉:၄၅ Busy Day on the Farm

**MRTV SPORTS / HV Sports**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၅ SPORTS MAX

SCAN ME
Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ပုသိမ်တက္ကသိုလ်၌ ဒေသအကျိုးပြုသုတေသနဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပုသိမ် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးစီးကျင်းပသည့် ဒေသအကျိုးပြုသုတေသနဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်က အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က အဆင့်မြင့်ပညာကဏ္ဍ တတိယတာဝန်ဖြစ်သည့် ဒေသတွင်းချိတ်ဆက်လုပ်ဆောင်ခြင်း၊ ARCCI နှင့် ပုသိမ်တက္ကသိုလ်တို့ သုတေသနပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တိုင်းဒေသကြီးအတွက် ပုသိမ်တက္ကသိုလ်မှ ပြုလုပ်မည့်ထုတ်ကုန်ပစ္စည်းများ သုတေသန၊ ဈေးကွက်သုတေသနနှင့် ဒေသအကျိုးပြုသုတေသနများအကြောင်း ဆွေးနွေးတင်ပြခဲ့သည်။



**ဆွေးနွေး**

ဆက်လက်၍ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်ဘာသာရပ်ဌာနများမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသအကျိုးပြုသုတေသနလုပ်ငန်းများနှင့် ပတ်သက်၍ ပုသိမ်တက္ကသိုလ်အနေဖြင့်စပါး၊ အုန်းသီး၊ ငါး၊ ပုစွန်၊ ပီလောပီနံ၊ ဝါး၊ မတ်ပဲ၊ ၄က်ပျော၊ သပြေသီးတွင် ပါရှိသည့်ဓာတုပါဝင်ပစ္စည်းများလေ့လာခြင်း၊ ဇီဝမြေသြဇာ၊ ငဝန်မြစ်ရေကြီးခြင်း ဘေးအန္တရာယ်အကြောင်း လေ့လာခြင်း၊ ရွှေသောင်ယံနှင့် မော်တင်ဒေသရှိ ကမ်းရိုးတန်းများ၏ ဘူမိအနေအထားကိုလေ့လာခြင်း၊ Grade-12 ကျောင်းသား ကျောင်းသူများအား ဘာသာရပ်စွမ်းရည်မြှင့်တင်ပေးခြင်း၊ သာသနိကအဆောက်အဦ၊ ရှေးဟောင်းသမိုင်းဝင်နေရာ၊ Gasifier ၊ IP Law အစရှိသည့် သုတေသနလုပ်ငန်း ၃၀ ကိုလည်းကောင်း၊ ဟသ်ာတတက္ကသိုလ်အနေဖြင့် နေကြာဆီအကျိုးအာနိသင်အကြောင်း၊ ငါးနှင့်စွန့်ပစ်ပစ္စည်းများမှ ငါးအမိုင်နိုအက်စစ်ထုတ်လုပ်ခြင်းနှင့် လက်တွေ့အသုံးပြုခြင်း၊ ပီလောပီနံမှ စေးပစ်ဂလူးကို့စ်အရည် အမှုန့်ထုတ်လုပ်ရရှိခြင်းကိုလည်းကောင်း၊ မအူပင်တက္ကသိုလ်အနေဖြင့် အကျိုးပြု Lady Beetle မွေးမြူခြင်း၊ သဘာဝစွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်ခြင်း၊ လတ်ဆတ်သောအသီးများမှ ဝိုင်ထုတ်လုပ်ခြင်းစသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသအကျိုးပြုသုတေသနများအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**စဉ်းစားသင့်သည့်အချက်များ**

ယင်းနောက် နည်းပညာတက္ကသိုလ် ဘာသာရပ်ဌာနများမှ Gasifier ရေစစ်ကန်၊ Solar Cell နည်းပညာနှင့် လျှပ်ဒဏ်ခံနိုင်သည့် အဆောက်အအုံများအတွက် စဉ်းစားသင့်သည့် အချက်များနှင့်ပတ်သက်၍ နည်းပညာတက္ကသိုလ်(ပုသိမ်)က Gasifier ရေစစ်ကန်အကြောင်း၊ နည်းပညာတက္ကသိုလ်(ဟသ်ာတ)က Gasifier အမျိုးအစားများအကြောင်း၊ နည်းပညာတက္ကသိုလ်(မအူပင်)က လျှပ်ဒဏ်ခံနိုင်သည့် အဆောက်အဦများအတွက် စဉ်းစားသင့်သည့်အချက်များအကြောင်း၊ နည်းပညာတက္ကသိုလ်(ဟသ်ာတ)က Solar Cell နည်းပညာဖြင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သုံးစွဲနိုင်မှုအကြောင်းကို လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ် ဘာသာရပ်ဌာနများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာသုတေသနများနှင့်ပတ်သက်၍ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)မှ ပုသိမ်လမ်းညွှန်မှုသည် MSMEs လုပ်ငန်းများသို့အကြောင်း၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)က Ayeyar Farming Solution Application အကြောင်း၊ ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ)က IoT and It's Smart Applications for Regional Development အကြောင်းကို လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး / ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း



ဘားအံ စက်တင်ဘာ ၃

နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဩဂုတ် ၂၄ ရက်မှ ၂၅ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီခန့်က ကရင်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ထပ်ဆင့်ရှင်းလင်း**

ထပ်ဆင့်ရှင်းလင်းပွဲတွင် ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက တရားစီရင်ရေးတာဝန် ထမ်းဆောင်နေသည့် တရားသူကြီးများသည် တရားဥပဒေစိုးမိုးရေးအတွက် အဓိကဆောင်ရွက်နေရသူများဖြစ်၍ စွမ်းရည်ရှိသည့် ပုဂ္ဂိုလ်များဖြစ်ရန်လိုပြီး လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်လည်း အရည်အချင်းရှိရမည်ဖြစ်ပြီး အောက်ကိုလည်း ကြီးကြပ်ကွပ်ကဲမှုကောင်းရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရမည်ဖြစ်သကဲ့သို့ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်ကိုလည်းလိုက်နာရမည်ဖြစ်ပြီး မိမိတို့၏တစ်ဦးချင်းလုပ်ငန်းတာဝန်များကို သစ္စာရှိရှိ ကျေကျေပွန်ပွန်ထမ်းဆောင်သွားကြရန်၊ တရားစီရင်ရာတွင်ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ အဆုံးအဖြတ်ပြုလျက် ပြည်သူအများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန်၊ အမှုလက်ကျန်များ ပြီးပြတ်စေရန်တာဝန်ရှိ၍ ပြီးပြတ်နှုန်း ၁၀၀ ရာခိုင်နှုန်း အထက်ဖြစ်ရန်လိုကြောင်း၊ မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေး ဆောင်ရွက်ကြရန်၊ အချုပ်တရားခံအမှုများ ကြန့်ကြာမှုမရှိစေရေး ညွှန်ကြားချက်များနှင့်အညီ အထူးဂရုပြုလိုက်နာဆောင်ရွက်ကြရန်၊ သက်သေခံပစ္စည်းများနှင့် ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ကြရန် စသည်ဖြင့် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Mo Sann” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(တောင်)ရပ်ကွက်နေ မိုမိုစန်အား ညနေ ၆ နာရီ ၁၀ မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 6 Staying healthy
### Lesson 1 : Health problems

**Read the following dialogue and fill in the blanks with the suitable words given below.**

| | | | |
|---|---|---|---|
| Thank | there | medicine | other |
| fever | Take | temperature | feel |
| got | can | | |

Doctor: Hello! What __(1)___ I do for you?

Zin Zin: I am suffering from ___(2)__ and sore throat since yesterday.

Doctor: Have you ___(3)___ a cough?

Zin Zin: Yes, I have.

Doctor: Have you got any __ (4) ___ symptoms?

Zin Zin: I also __(5)___ headache.

Doctor: Have you taken any __(6)___ so far?

Zin Zin: No, doctor.

Doctor: Let me check your __(7)___. Now the fever is 101 degrees.

Zin Zin: Is __(8)___ something serious, doctor?

Doctor: Don't worry. __(9)___ the prescribed medicines two times a day for 3 days and get some rest.

Zin Zin: __(10)___ you very much, doctor.

Doctor: Welcome. Get well soon.

### Writing

**(A) Fill in the blanks with a suitable word form.**

(1) We should wash our hands regularly to stay (health) _____________.

(2) I can play badminton (well) ________ than my brother.

(3) Ko Ko always brushes his (tooth) _______ before going to bed.

(4) My brothers are (medicine) _______ students.

(5) Be (care) _________ when you cross the road.

**(B) Supply the correct form of the verb given the brackets.**

(1) (guess) Can you _______ what I am thinking of?

(2) (you, have) How many siblings __________?

(3) (take) Let's _____ care of our classroom by cleaning up our messes.

(4) (he, go) Where __________ now?

(5) (want) I _______ to be a doctor when I was young.

**(C) Rearrange the following words in the correct order to make a sentence.**

(1) with/ you / What / wrong / is / ? /

(2) Zaw Lay / go / to / can't / today / school / . /

(3) you / got / an / Have / earache / ? /

(4) me / Can / what / wrong / is / you / guess / ? / with /

(5) hope /you/get /soon /We /will/better / . /

* * * * * * * * * * * * * *

*Ans:*

*Unit 6 Staying healthy*

*Lesson 1: Health problems*

*(1) can (2) fever (3) got (4) other (5) feel (6) medicine (7) temperature (8) there (9) Take (10) Thank*

*Writing*

*(A) (1) healthy (2) better (3) teeth (4) medical (5) careful*

*(B) (1) guess (2) do you have (3) take (4) is he going (5) wanted*

*(C) (1) What is wrong with you? (2) Zaw Lay can't go to school today. (3) Have you got an earache? (4) Can you guess what is wrong with me? (5) We hope you will get better soon.*

* * * * * * * * * * * * * *

## Grade 6

### Unit 4
### Lesson 2: A happy family

like = ကြိုက်နှစ်သက်သည်။

love = ပိုမိုနှစ်သက်သည်။ (မြတ်နိုးသည်)

dislike = ကြိုက်နှစ်သက်မှုမရှိပါ။

hate = လုံးဝ မနှစ်သက်ပါ။

**I. Say whether you "love", "like", "dislike" or "hate" the following food and drinks.**

1. tea — I dislike tea.
2. coffee — I love coffee.
3. chocolates _____________
4. coconut rice ___________
5. fried chicken ___________
6. fried rice _____________
7. juice _____________
8. doughnuts _____________
9. milk _____________
10. fruits _____________

**II.Give response answers to the following questions.**

e.g. Do you like fish?

Yes, I do. / No, I don't.

1. Do you like milk?
2. Does your mother like dumplings?
3. Do your brothers like noodles?
4. Does your father like watching the football match on TV?
5. Do you like reading the newspaper?

## Grade 7

### Grade 7
### Unit 4 Lesson 1 : Travel and transport

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Buses and trains are common forms of t_______ that people use to travel from one place to another.
2. A h______ is a type of aircraft that can fly in the air.
3. T_____ are long vehicles that run on tracks and carry people from one place to another.
4. People can take a f_____ to travel between islands or across rivers.
5. S______ is when you visit interesting places and see the sights in a new city or country.
6. There are numerous temples and p_____ right across the country.
7. T______ often visit famous landmarks, take pictures, and learn about new cultures.

**II. Supply the correct form of the words given in brackets.**

1. (foot) It's important to wear comfortable shoes to take care of our feet.
2. (great) Fear is often __________ than the danger.
3. (difficult) He found our house without ___________.
4. (difficult) This is the _____________ sum I have ever solved.
5. (good) He is the ____________ man for that job.
6. (good) Mother's cooking is _______ than Daw Lay's.
7. (interest) interest

**III. Supply the correct form of the verbs given in brackets.**

1. (you, spend) How much money _____________ a day?
2. (have) She _____________ long hair for five years.
3. (not, play) They _______________. They are watching TV.
4. (listen) OK! Please ___________ carefully. I will tell you again.
5. (go) Where ______ you _________ when I came to you last night?
6. (not, come) Why _______ you _______ to the party last night?
7. (take) He ____________ my umbrella without telling me.

**IV. Translate the following into English.**

1. ဖေဖေ ရုံးသို့ ကားဖြင့်သွားသည်။
2. မေမေ စျေးသို့ ခြေကျင်သွားသည်။
3. ဒေါ်လေး ဘဏ်သို့ တက္ကစီကားဖြင့် သွားသည်။
4. ကျွန်တော် ကျောင်းသို့ ကျောင်းကားဖြင့် သွားသည်။
5. သူတို့ ကျောင်းသို့ စက်ဘီးဖြင့် လာသည်။

* * * * * * * * * * * * * *

*Ans:*

*Unit 4 Lesson 1: Travel and transport*

*I. 1. transport; 2. helicopter; 3. Trains; 4. ferry; 5. Sightseeing; 6. pagodas; 7. Tourists;*

*II. 1. feet; 2. greater; 3. difficulty; 4. most difficult; 5. best; 6. good; 7. interest;*

*III. 1. do you spend; 2. has had; 3. are not playing; 4. listen; 5. did you go; 6. didn't you come; 7. took;*

*IV. 1. Father goes to office by car/ in his car. 2. Mother goes to market on foot. 3. Daw Lay takes a taxi to the bank. 4. I go to school by school bus. 5. They come to school by bike/ on their bike.*

* * * * * * * * * * * * * *

## Grade 8

### Grade 8
### Unit 4 Lesson 2: A global citizen

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Good c_______ obey laws, pay taxes, and contribute to the well-being of their community.
2. The g_______ population refers to all the people in the world, from different countries and cultures.
3. She helps in a school as a v_______ once a week.
4. C_______ means working together and listening to each other's ideas so that we can achieve a common goal.
5. Kha Yay (star-flower) and Magyi (tamarind) are s_______ trees.

**II. Supply the correct form of the words given in brackets.**

1. (succeed) She became _______ at a young age.
2. (succeed) With determination and hard work, you can _______ in achieving your dreams and goals.
3. (succeed) He achieves _______in arts.
4. (cooperate) I am asking for your full _______.
5. (survive) They are the _______ of the traffic accident.

**III. Supply the correct form of the verbs given in brackets.**

1. (change) The world _______ rapidly.
2. (share) Information can easily _______ through the internet.
3. (cooperate) They _______and work in groups.
4. (offer) I_______ "Soon" to the Buddha every morning.
5. (learn) My sister_______ Japanese language these days.

**IV. Answer the questions.**

1. Who are responsible to create a healthy environment?
2. On which day is World Environment Day held in Myanmar?
3. What should teenagers do to keep their towns and cities clean and green?
4. When will the world be a better place to live in?
5. How does the internet help the 21st century youths?
6. Why do the youths need to be adaptable in the 21st century?

* * * * * * * * * * * * * *

*Ans:*

*Unit 4 Lesson 2: A global citizen*

*I. 1. citizens; 2. global; 3. volunteer; 4. Cooperation; 5. shady;*

*II. 1. successful; 2. succeed; 3. success; 4. cooperation; 5. survivals;*

*III. 1. is changing; 2. be shared; 3. cooperate; 4. offer; 5. is learning;*

*IV. 1. All the citizens including teenagers and adults are responsible to create a healthy environment. 2. World Environment Day is held on 5th June every year in Myanmar. 3. Teenagers should plant shady trees and not use plastic bags to keep their towns and cities clean and green. 4. The world will be a better place to live in when people all over the world are kind to one another. 5. The internet helps the 21st century youths that thanks to the internet, we can easily share information among us. 6. The youths need to be adaptable in the 21st century because we can learn new things if we know how to use ICT.*

* * * * * * * * * * * * * *

## Grade 9

### Unit 4 Lesson 2: Job satisfaction

**I. Complete the sentences with the given words given below.**

| designer talented inspired satisfied emergencies |
|---|

1. My sister is a ________ singer. She has a beautiful voice and can sing many songs.
2. I want to be a graphic _________ when I grow up. I love creating colorful and eye-catching designs on the computer.
3. I saw a beautiful painting in an art museum, and it ________ me to start painting and express my creativity.
4. After completing my homework, I felt _______ because I knew I had done a good job.
5. It is important to know what to do during _________ like a fire or an earthquake.

**II. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. When I grow up, I want to have a c_______ as a doctor and help people get better.
2. I went to an art museum and saw a beautiful piece of a_______ painted by a famous artist.
3. Our school organized a f_______ show where students showcased their own designs and outfits.
4. U Ba is a s_______ carpenter. He can build furniture and fix things around the house.
5. The student received an o_________ grade on their test because he answered all the questions correctly.
6. I love being c______ and making art. I enjoy drawing, painting, and using different colors.
7. When I grow up, I want to have a good i________ so that I can buy what I want.
8. My teacher is p________ about teaching. She is enthusiastic about helping students learn.
9. A driver is r_________ for all the passengers.
10. It is important to wear a helmet while riding a bike for your s______.

**III. Supply the correct form of the words given in brackets.**

1. (design) The ____ creates beautiful clothes for people to wear.
2. (succeed) He practised playing the guitar every day and became a _____ musician.
3. (succeed) We can achieve ________ in life if we try hard.
4. (create) Hla Thuzar loves to draw and paint. She is very _____.
5. (create) The chef's delicious cake was a mouthwatering ______.
6. (celebrate) ______ like actors, singers, and athletes can have a big influence on popular culture.
7. (interest) I am _______ to read this book.
8. (interest) The movie I watched last night was very _____.
9. (satisfy) Soe Soe worked hard on her project and was _____ with the final result.
10. (satisfy) Eating ice cream on a hot day can be very _______.
11. (famous) He achieved world _____ as a playwright.
12. (entertain) Playing games with friends is a form of ________.
13. (responsible) When you borrow a book from the library, it's your _______ to return it on time.

**IV. Answer the following questions.**

1. Why isn't it easy to be a successful fashion designer?
2. What kinds of skills should we have to be a successful fashion designer?
3. What should you need to study further as a fashion designer?
4. When is a fashion designer pleased?
5. What is the best part of a fashion designer?
6. Mention three different types of emergencies firefighters usually face?
7. Why is being a firefighter the most satisfying career for U Tar Zan?
8. What does a successful YouTuber possess?
9. What are difficulties of popular YouTubers?
10. When do many followers subscribe to Ko Phyo Zin's channel?
11. Who does a bus driver sometimes deal with?
12. Who is responsible for the convenience and safety of passengers on a bus?

*******************

Ans:

Lesson 2: Job satisfaction

I. 1. talented; 2. designer; 3. inspired; 4. satisfied; 5. emergencies;

II. 1. career; 2. art; 3. fashion; 4. skillful; 5. outstanding; 6. creative; 7. income; 8. passionate; 9. responsible; 10. safety;

III. 1. designer; 2. successful; 3. success; 4. creative; 5. creation; 6. Celebrities; 7. interested; 8. interesting; 9. satisfied; 10. satisfying; 11. fame; 12. entertainment; 13. responsibility;

IV. 1. It isn't easy to be a successful fashion designer because one must also be talented apart from being skillful in sketching designs and selecting materials. 2. To be a successful fashion designer, we should have skills of sketching designs and selecting materials. 3. I should need to study fashion trends further as a fashion designer. 4. A fashion designer is pleased when he or she sees his or her customers wearing his or her outfits and looking smart. 5. The best part of a fashion designer is getting to work with celebrities. 6. The three different types of emergencies firefighters usually face are fires, vehicle accidents and medical emergencies. 7. Being a firefighter is the most satisfying career for U Tar Zan because he wants to help people when they are in danger. 8. A successful YouTuber possesses freedom, fun, fame and fortune. 9. Difficulties of popular YouTubers are the facts that writing scripts takes time, and making videos is exhausting. 10. Many followers subscribe to Ko Phyo Zin's channel when viewers are inspired by his videos. 11. A bus driver sometimes deals with rude or abusive passengers. 12. A driver is responsible for the convenience and safety of passengers on a bus.

## Grade 12

### Unit 3 DIET AND NUTRITION

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသည့် မေးခွန်းများ၏ အဖြေများ)

**VI. Read the passage. (Unseen)**

(A)(1) a. healthy (2) b. acquired (3) c. Nutrition (4) d. irritability (5) e. starches

(B) (6) A healthful lifestyle give us a longer, happier, healthier life and staying healthy means eating a well - balanced diet, getting regular exercise, and avoiding things that are bad for the body and mind. (7) Nutrition can especially play a key role in maintaining good health and preventing many diseases and scientists believe that good nutrition can be simple. (8) Basic rules for healthful lifestyle are to keep fat intake low and eat foods high in carbo-hydrates, which are the starches in grains, legumes, (beans and peas), vegetables and some fruits. (9) We may have tireness, irritability, and poor general health because of the lack of proper physical exercise and good health is acquired by saying no to bad habits such as smoking, drinking, and overeating and by avoiding situations that are constantly stressful. (10) Sample answer: The main suggestion of the writer is the importance of maintaining a healthy lifestyle and to understand staying healthy.

VII. (A)

1. It helps a lot
2. a better idea
3. thinking why don't we study together
4. I'm in! Let's do it
5. let's get on to studying

(B) 6. you'll go
7. I don't think
8. you'll do
9. I hope I'll get into
10. do you think you'll live

****************

### Unit 4 EMOTIONAL WELL-BEING

**I. Complete the sentences with the appropriate words. The initial words are given. (10 marks)**

1. Happiness is an e_______ that we feel when something good or exciting happens.
2. We can greet our a_______ with a smile and say hello when we see them.
3. If a friend falls and gets hurt, we can show s_______ by asking if they're okay and offering to help.
4. A m_______ is someone or something that encourages us to do our best and keep working towards our goals.
5. W_______ refers to the well-being and happiness of people and animals.
6. Taking a test can be a c_______, but studying and preparing beforehand can help us do our best.
7. When we have i_______, we are honest, trustworthy, and keep our promises.
8. A h_______ person is respectful and treats others kindly, regardless of their own accomplishments.
9. Sometimes, before a big test, we may feel a_______, but taking deep breaths can help us feel calmer.
10. Effective s_______ are plans or methods that help us solve problems or achieve our goals.

*******************

**II. Choose the appropriate words or phrases to complete the sentence. (10 marks)**

1. ______I saw the movie, I realized it was based on a true story.
A. Although B. Since C. When
2. The new technology allows for _______ internet speeds.
A.easier B. safer C. faster
3. The process of __________ led to significant economic growth in the region.
A.urbanization B. industrialization C. deforestation
4. If you have any questions, you _______ ask the teacher for clarification.
A.must B. should C. can
5. The girl, ___________ father is a doctor, dreams of becoming a physician too.
A. who B. whom C. whose
6. This singer is clever at -------- Sai Htee Saing's intonation.
A. imitate B. imitation C. imitating
7. Being -------- a good salary, he accepted a job.
A. offer B. offering C. offered
8. Every country in the world has its own -------- value.
A. traditional B. cultural C. national
9. If he had taken the job offer, he __________ a higher salary.
A. will have earned B. would earn C. would have earned
10. We managed to get _________ the difficult times by supporting each other.
A.into B. on C. through

* * * * * * * * * * * * * * * *

Ans:

Unit 4

EMOTIONAL WELL-BEING

I. 1. emotion; 2. acquaintances; 3. sympathy; 4. motivator; 5. Welfare; 6. challenge; 7. integrity; 8. humble; 9. anxiety; 10. strategies;

II. 1. (C) When 2. (C) faster 3. (C) industrialization 4. (C) can 5. (C) whose 6. (C) imitating 7. (C) offered 8. (B) cultural 9. (C) Would have earned 10. (C) through

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းပိုင်ဦးစီး၍ မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီတွင် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အမှတ်(၅)ရပ်ကွက် ဝေဠုဝန်စာသင်တိုက် ကျောင်းဝင်းအတွင်းအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

---



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးလင်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက မင်္ဂလာဒုံမြို့နယ် ပြည်တော်သာရပ်ကွက် ကျိုက္ကလော့ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဉာဏ်ဟိန်း

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းအထိမ်းအမှတ် ကြက်ခြေနီသူနာပြု စွမ်းရည်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၂၃ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းအထိမ်းအမှတ် ကြက်ခြေနီသူနာပြု စွမ်းရည်ပြိုင်ပွဲဖွင့်ပွဲအား ယနေ့နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင်အသင်းများက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းအား တန်းအပ်အလေးပြုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။ ဆက်လက်၍ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့၏ သစ္စာခံဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

## အမြဲလေ့ကျင့်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ကြက်ခြေနီ စေတနာလုပ်အားရှင်များအနေဖြင့် ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် ယနေ့ကျင်းပသည့် စွမ်းရည်ယှဉ်ပြိုင်ပွဲများကဲ့သို့ အမြဲလေ့ကျင့်ထားရန်လိုအပ်ကြောင်း၊ ယနေ့ကျင်းပသည့်ပွဲသည် စွမ်းရည်ပြည့်ဝသော ကြက်ခြေနီ စေတနာလုပ်အားရှင်များ ဖြစ်အောင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက အမှန်တကယ်လိုအပ်သော ဆောင်ရွက်မှုတစ်ခုကို ပြုလုပ်လိုက်တာဖြစ်ကြောင်း၊ အဖွဲ့လိုက် ဆောင်ရွက်နိုင်မှု၊ တစ်ဦးချင်းစီတိုင်း၏ စွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးရာလည်း ရောက်ကြောင်း၊ ဒါကြောင့်မောင်တို့မယ်တို့အနေဖြင့် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုနဲ့အတူ ရှေးဦးပြုစုခြင်း နည်းပညာများကို ပြည့်ပြည့်ဝဝ တတ်မြောက်နေရန် အစဉ်လေ့ကျင့်သင်ကြားနေဖို့ လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့ထံ ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်ပြီး တပ်ဖွဲ့ဝင်များ၏ ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၃ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်း အထိမ်းအမှတ် ကြက်ခြေနီသူနာပြု စွမ်းရည်ပြိုင်ပွဲတွင် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ စွမ်းရည်ပြိုင်ပွဲ၊ ငါးယောက်တွဲ ထမ်းစင်ပြိုင်ပွဲ၊ လေးယောက်တွဲသဏ္ဌာန်တူပြိုင်ပွဲများပါဝင်ပြီး မြို့နယ် ၃၇ မြို့နယ်မှ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် ၃၀၅ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❈ **ကျောဖုံးမှ**

အမဲသား၊ ဆိတ်သား၊ ငါး၊ ကြက်ဥနှင့် နို့ဆီဘူး စသည့် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် တာဝန်ရှိသူများက စနစ်တကျ ရောင်းချပေးနေမှုကိုရမည်းသင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဗိုလ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ပြည်သူများအား အခြေခံစားသောက်ကုန်များကို ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆန်တစ်ပြည် ငွေကျပ် ၃၅၀၀၊ ကြက်ဥ ၁၀ လုံး ငွေကျပ် ၂၅၀၀ ဖြင့်လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြက်သား တစ်ပိဿာ ငွေကျပ် ၉၀၀၀၊ ဝက်သား တစ်ပိဿာ ငွေကျပ် ၁၂၀၀၀၊ အမဲသား တစ်ပိဿာ ငွေကျပ် ၁၀၀၀၀၊ ဆိတ်သား တစ်ပိဿာ ငွေကျပ် ၁၅၀၀၀၊ ငါးကြင်း တစ်ပိဿာ ငွေကျပ် ၈၀၀၀၊ ငါးမြင်း တစ်ပိဿာ ငွေကျပ် ၇၀၀၀ နှင့် နို့ဆီတစ်ဘူး ငွေကျပ် ၁၅၀၀ ဖြင့်လည်းကောင်း၊ မြို့နယ်ဆီကုန်သည်အသင်းမှ ဆီတစ်ပိဿာ ငွေကျပ် ၄၆၀၀ ဖြင့်ဆီပိဿာ ၃၀၀ ကို လွတ်လပ်စွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖ **မြန်မာ ယူ-၂၃ မှ**

စက်တင်ဘာ ၆ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ကာဂျစ္စတန်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က ကိုင်တွယ်လျက်ရှိသည်။

မြန်မာ ယူ-၂၃ အသင်းတွင် **ဂိုးသမား**-ပြည့်ဖြိုးသူ(ရတနာပုံ)၊ ဟိန်းထက်စိုး(ရှေဝတီ)၊ နေလင်းထက်(ဟံသာဝတီ)၊ **နောက်တန်း**-မင်းခန့် (ရခိုင်ယူနိုက်တက်)၊ ကောင်းထက်ပိုင်၊ သက်ဟိန်းစိုး၊ နောင်နောင်စိုး(ရတနာပုံ)၊ မိုးဆွေအောင်၊ လန်းဆန်းအောင်(အား/ကာသိပ္ပံ)၊ ရှင်းသန့်အောင်(ဟံသာဝတီ)၊ ထူးမြတ်ခန့်(ကချင်ယူနိုက်တက်)၊ လတ်ဝေဘုန်း(ရှေဝတီ)၊ ဉာဏ်လင်းထက်(ရန်ကုန်)၊ **အလယ်တန်း**-အောင်မျိုးခန့်(ရတနာပုံ)၊ အာကာကျော်(မဟာယူနိုက်တက်)၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်(ရန်ကုန်)၊ စိုးမင်းဦး(မြဝတီ)၊ ခွန်ကျော်ဇင်ဟိန်း(ဟံသာဝတီ)၊ **ရှေ့တန်း**-ချစ်အေးနှင့် မိုးဆွေ(ရတနာပုံ)၊ ဟိန်းထက်အောင်(နီဂျီရီဆမ်ဘီလန်-မလေးရှား)တို့ ပါဝင်ကြသည်။

**ကိုညီလေး**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၉-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၀ | ၂၃၁၅ | ၂၂၉၅ | ၂၃၉၀ | ၂၄၁၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၅၀ | ၂၅၈၀ | ၃၃၁၅ |
| 95 Ron | ၂၃၇၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၅ | ၂၅၀၀ | ၂၅၂၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၉၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၇၃၀ | ၃၄၁၅ |
| HSD (50 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၀၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၀၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၅၀ | ၂၂၂၆ |
| 95 Ron | ၂၂၅၇ | ၂၃၃၅ |
| HSD (500 ppm) | ၂၂၉၇ | ၂၃၇၃ |
| HSD (50 ppm) | ၂၃၇၁ | ၂၄၄၈ |
| HSD (10 ppm) | ၂၃၇၁ | ၂၄၄၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

---

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၂၄ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ(၂-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃)ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၈–ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်–၁၉ ဟုခေါ်တွင်သော မြေကွက် (၂)ကွက် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၄၂–ခ ကံဘဲ့ ၊
(က) မြေကွက်အမှတ်–၁၉/ဈ–၁+၁၉/ည–၁/၁–A၊ ဧရိယာ (၀.၁၂၂) ဧက၊
(ခ) မြေကွက်အမှတ်–၁၉/ဈ–၁+၁၉/ည–၁/၁–B၊ ဧရိယာ (၀.၁၁၈) ဧက၊
မြေအမျိုးအစား –မြေပိုင်မြေ လ/န ၃ (ခ) နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးလူပေါ် (ဘ) ဦးရင်စိန် [၁၂/မဂတ (နိုင်) ၀၂၂၉၉၀] နှင့် ဒေါ်နန်းမြမြဝင်း (ဘ) ဦးအောင်ကြီး [၁၃/မကန (နိုင်) ၀၆၁၈၈၁] အမည်ပေါက်လျက်ရှိပြီး ၎င်းတို့ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် – ၁၅၉၆၁/၂၀၂၂ နှင့် ၁၅၉၆၂/၂၀၂၂ တို့အရ ဦးအောင်ဇော်မိုး [၁၂/သလန (နိုင်) ၀၇၂၈၁၆] က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသောရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဟိန်းစိုး** — **အထက်တန်းရှေ့နေ (စဉ်–၄၈၉၃၃)**

**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၇၅)**

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ကိုသက်ဇော်ထွဋ် (မိတ်ကပ် – မမသက်၊ **Beauty Saloon**) (၁၂/ဒဂတ (နိုင်) ၀၆၃၂၆၂)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ကိုသက်ဇော်ထွဋ်အား ဆက်သွယ်ရေး လူမှုကွန်ရက်ဖြစ်သည့် **Facebook, Comment, Mesenger, E-mail, Viber, WeChat, Line, Tiktok, Instagram, Telegram** တို့ကို အသုံးပြု၍ ဓါတ်ပုံများတင်ပြီး ဂုဏ်သိက္ခာထိပါးစေသည့်ပြောဆိုရေးသားမှုများ ဖော်ပြလျက် မမှန်မကန် **Post** များတင်ပြီး အများသိစေရန် **Share** ခြင်းကြောင့် ကျွန်ုပ်မိတ်ဆွေမှာ များစွာဂုဏ်သိက္ခာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာသည့်နေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာနှင့် မီဒီယာများတွင် အသရေပျက်စေသည့် မဟုတ်မမှန်စွပ်စွဲပြောဆိုဖြန့်ချိမှုများကို ဖျက်ပေးပါရန်၊ ဖျက်ပေးခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေ၏နစ်နာဆုံးရှုံးမှုများအတွက် ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ထက်ထက်ဦးမြင့် LL.B., D.I.L**
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၁၆၅/၂၀၁၄)
အမှတ် – ၅၀၊ အခန်း (A-18)၊ ပ–ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၅၁၈၆၉၂၃၊ ၀၉ ၉၅၆၉၉၄၄၅၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ် ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၇၆၉)၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ ပြည်ကြီးမဏ္ဍိုင်လမ်း၊ ဒဂုံအရှေ့မြို့နယ်(ဦးသိန်းလွင်)(KWA–၀၀၀၇၉၇)၊ ပါမစ်မြေအား အမည်ပေါက်(ဖခင်) ဦးသိန်းလွင်၊ (မိခင်)ဒေါ်ခင်သန်းမြင့်တို့ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မင်းမင်းစိုး(ISN ၅၆၆၃၃၃)[၁၂/မဂတ(နိုင်)၀၁၁၀၇၃](အမည်ပေါက်၏သမီးတစ်ဦး)မှ ပါမစ်မူရင်း(မူရင်းတံဆိပ်တုံးမပါ)၊ ရွှေ့ပြောင်းမည့်သူများရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မှီခိုသူများစာရင်း၊ အရပ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ် လျှောက်ထားလာခြင်းအား ဝင်စာအမှတ်–၁၆/၃–၁–၂၀၂၂ ဖြင့် ဦးဇော်မင်း+၂ မှ အစ်မအကြီးဖြစ်သူ ဒေါ်မင်းမင်းစိုး အမည်သို့ ပြောင်းလဲလျှောက်ထားခြင်းကို ကန့်ကွက်ထားသဖြင့် ၎င်းကန့်ကွက်ချက်များအား ရှင်းလင်းရန် လျှောက်ထားသူနှင့် ကန့်ကွက်သူတို့အား (၄)ကြိမ်တိုင် အကြောင်းကြားခဲ့သော်လည်း လျှောက်ထားသူသာ လာရောက်ခဲ့ပြီး ကန့်ကွက်သူတို့မှ လာရောက်ခဲ့ခြင်းမရှိသဖြင့် ဝင်စာအမှတ်(၁၀၇၆/၂၆–၁–၂၀၂၃)ဖြင့် လျှောက်ထားသူမှ မိမိသာလာရောက်ခဲ့ပြီး၊ ကန့်ကွက်သူတို့မှာ လာရောက်ခြင်းမရှိကြောင်း၊ မြေအမည်ပေါက်နှင့် အရောင်းအဝယ် ပြုလုပ်ခဲ့စဉ်က ၎င်းကန့်ကွက်သူတို့မှ သိရှိသဘောတူကြကြောင်း လက်မှတ်ရေးထိုးထားသည်မှာ မှန်ကန်ကြောင်းနှင့် ပါမစ်မူရင်းမှာလည်း မိမိလက်ဝယ်တွင်သာရှိပါသဖြင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကလည်း တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း တင်ပြပါသဖြင့် လျှောက်ထားမှုအား မြေပြင် ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၂)ထပ်ပျဉ်ထောင်အဆောက်အဦရှိပြီး လျှောက်ထားသူကိုယ်တိုင် နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မင်းမင်းစိုးမှ ဂရန်သစ် လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သောင်ကြီးတောင်၊ အဆင့်-၃/တိုင်း-၄)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၆၀၂)၊ ပုညလမ်းဟုခေါ်တွင်သော ပေအကျယ်(၄၀ x ၆၀)ပေ၊ ဦးလှမြင့် ပါမစ်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မြင့်[၁၂/စခန(နိုင်)၀၄၁၉၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဇော်[၁၄/လပတ (နိုင်)၁၀၂၆၄]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား (ပါမစ်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse (၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၀၄၃၁၀၉**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၁၅၂)၊ မြေကွက်အမှတ် (၁၇၀၇)၊ ပေ (၄၀x၆၀) ကျယ်ဝန်းသော ပါမစ်မူလ အမည်ပေါက် ဦးမရန်ဒါး ပါမစ်မြေအား စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့သော ဦးတင်ဌေး(အိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ အိမ်ခြံမြေအား ပါမစ်မူလအမည်ပေါက် ဦးမရန်ဒါး ပါမစ်မြေအား စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့သော ဦးတင်ဌေး [၁၂/ဒဂတ(နိုင်)၂၁၀၃၅၄]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မြင့်မြင့်အောင် [၃/ဘအန(နိုင်)၂၉၅၀၈၂]မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်သတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃)**
**တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊ (ပ)ထပ် Strand Condominium၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်နှင်းရတနာဦး [၁၂/လမန(နိုင်)၁၅၅၇၃၅]၏ နိုင်ငံကူးလက်မှတ်အမှတ် MG-595805 သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၅၀၀၈၁၅၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပုလဲမွန်အိမ်ရာ၊ တိုက်အမှတ် (၂၀)၊ အခန်းအမှတ်(၀၀၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန္တာလွင် [၁၂/ကတတ(နိုင်)၀၂၂၈၈၄]ထံမှ တစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်မော်မော်သိန်း [၉/မမန(နိုင်)၀၀၀၀၉၅]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ မအူကုန်းလမ်း၊ အမှတ် (၅၁/၅၃)၊ မြေညီထပ် (A-ခန်း)၊ (၂၅ ပေx ၄၅ ပေ) ခန့်မှန်းအကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးကျော်ဝင်းနိုင် [၁၂/တမန(နိုင်)၀၀၀၆၈၂]ဆိုသူထံမှ ကျွန်ုပ်အားလွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဦးဝင်းအောင် [၁၂/ပဘတ(နိုင်)၀၂၃၇၂၁]က အရစ်ကျစနစ်ဖြင့် ကွန်ဒိုတိုက်ခန်းဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဒါလီတင်ထွန်း(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၂၈၂၈)**
**အမှတ် - ၂၁၊ ၆၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၁၉၈၇၇၆**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ(၃)လမ်း၊ မြေကွက်အမှတ်(A-၁၀၇)၊ ဦးမောင်မောင်မျိုးအမည်ဖြင့် သန်လျင်မြို့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ချထားပေးသော မြေအကျယ် (၄၀x၆၀)ပေရှိမြေထဲမှ ခေါင်းရင်ဘက်ခြမ်းရှိ မြေအကျယ် (၂၀x၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသည်ဟု အဆိုပြုပြောဆိုသူ ဒေါ်မြင့်မြင့်သန်း [၁၂/လသန(နိုင်)၀၀၈၇၀၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလမင်းသာ (ဘ)ဦးစိန်ဝင်း [၈/မကန(နိုင်)၁၇၃၉၈၇]က (၈-၆-၂၀၁၇)ရက်နေ့တွင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ လက်ဝယ်ထားရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော မြေကွက်နှင့်အိမ်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်အိမ်အား ယနေ့အချိန်အထိ ဦးလမင်းသာ တစ်ဦးတည်းကသာ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ပေါင်နှံထားခြင်း၊ စွန့်လွှတ်ထားခြင်းတို့ မရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၅၇)၊ (၃)လွှာ၊ ဒုတိယထပ်(ခြေရင်းခန်း)၊ တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း၊ အကျယ်အဝန်း (၁၃ပေx၅၅ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်သော **(၁) ဒေါ်ရီရီမိုး [၇/ဒဥန(နိုင်)၁၂၀၃၃၉]၊ (၂) ဒေါ်နှင်းဖြူဝင်း [၇/ဒဥန(နိုင်)၁၂၅၁၇၇]တို့**ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍(၇)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၂၈)**
**အမှတ်(၁၅)၊ ၆-လွှာ၊ ဦးဝိစ္စာလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း-၀၉-၇၈၇၂၀၀၆၀၄၊ ၀၉-၉၆၆၂၈၅၉၃၉**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၄)ရပ်ကွက်၊ သုခိတာလမ်းမနှင့်ဘောဂဗလလမ်းမကြား၊ မြေတိုင်းရပ်ကွက်အမှတ်-၈၄၊ မြေကွက်အမှတ်-၄၆၇၊ အကျယ်အဝန်း-(၄၀ပေx၆၀ပေ)ရှိ ဒေါ်နော်ထွေး အမည်ပေါက် ပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်အား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဌေးဝင်း [၁၂/တမန(နိုင်)၀၇၀၅၈၂]မှ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးခင်မောင်ချို LL.B, D.B.L** | **ဒေါ်သီတာအောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၄၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၀)** |

**အမှတ်-၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၇၁၉၈၅၊ ၀၉-၆၈၅၆၈၇၆၈၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**သာကေတမြို့နယ်တရားရုံးတော်၌**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၉**

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်သင်း | နှင့် | ဦးအုံးဖေ |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃-ရန်ပြေ)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်-၁၉၅ နေ တရားပြိုင် ဦးအုံးဖေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ မယ်စီကုန်းလမ်း၊ အမှတ် (၂) အခန်း (၁၀၁) နေ စအီလ်အေဇယ် [၁၄/ပတန (နိုင်) ၁၃၅၂၀၀] ကိုင်ဆောင်သူနှင့် ဒေါ်မျိုးသီတာအောင် [၁၂/လမန (နိုင်) ၁၃၇၆၅၀] ကိုင်ဆောင်သူတို့၏ သားဖြစ်သူ စောအေဇယ် [၁၂/လမန (နိုင်) ၁၇၉၈၃၉] ကိုင်ဆောင်သူသည် မိဘဆိုဆုံးမမှုကို လက်ခံလိုက်နာခြင်းမရှိဘဲ မိဘ၊ မိသားစုတို့ စိတ်ဆင်းရဲဒုက္ခရောက်စေရန် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြေညာပါသည့်နေ့မှစ၍ စောအေဇယ်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ဖြစ်ကြောင်း စောအေဇယ်နှင့် ပတ်သက်၍ မည်သည့်အကြောင်းကိစ္စကိုမျှ မိဘများက ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက် (၂၁) ၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-31066498,09-769147794**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၇)၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၅၈)ရှိ (အလျား၄၀x အနံ၆၀)ပေရှိ ဗိုလ်မှူးမြင့်သိန်း အမည်ပေါက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည့် ဦးသက်နိုင်ထွန်း [၁၂/ရပသ(နိုင်)၁၃၈၇၁၇]ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးတင်ထွဋ်အောင်[၁၂/မရက(နိုင်) ၁၄၇၉၃၅]မှ စရန်ငွေပေးပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆွေဝင်း(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၉၂)**
**အမှတ်-၁၃၂၈၊ ကုန်းဘောင်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၉၉၀၂၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၁၂)ဟု ခေါ်တွင်သည့် မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ၊(၆)ထပ်အဆောက်အဦ၏ ခြေရင်းခြမ်း၊ မြေညီထပ်(အလျား၁၂½ပေx အနံ၅၀ပေ)၊အကျယ်အဝန်းရှိ တိုက်ခန်း(၁) ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ထားသူ ကန်ထရိုက်တာဦးအောင်နိုင် [၁၂/ဒဂတ(နိုင်)၁၂၀၀၅] မှဥပဒေနှင့်အညီတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်စိန် [၁၂/ရကန(နိုင်)၀၅၅၁၁၁]မှအပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈/ဒီ)၊ သုခရတနာလမ်း၊ မြေကွက်အမှတ် (၁၀၂၃/ခ)** ဟုခေါ်တွင်သည့် ဦးသောင်း အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)အနက်မှ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ **ဦးကင်းယား (EH-012721)** မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်နွယ်ခိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၁၆)**
**တိုက်အမှတ် (၁၈)၊ မြေညီထပ် (A)၊ သင်္ဂဟာလမ်း၊ (ဃ) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၀၁၈၀၁၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ မေယုလမ်းသွယ်(၄)လမ်း၊ အမှတ်(၁၃၅)၊ ၃-ခန်းတွဲ အဆောက်အဦ၏ တတိယထပ် (ခြေရင်းဘက်အခြမ်း)၊ တိုက်ခန်းအမှတ် (၄/အေ)၊ (၁၂ ၈ × ၅၄) ပေအကျယ်ရှိ ရေ/မီး အပြည့်အစုံပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော (၁) ဦးဇော်မျိုးသက် (၁၃/ကလန(နိုင်)၀၈၅၀၆၈)၊ (၂)ဒေါ်နှင်းအိလှိုင်(၁၂/ကတန(နိုင်)၁၁၉၁၁၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း) များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကိုကိုလေး (LLB)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၂၄/၁၆.၃.၂၀၁၀)
အမှတ်(၂၁၆)၊ မင်္ဂလာလမ်း၊ ဝေဘာဂီ(၅)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅ ၂၉ ၂၅၂၉၉

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်(ရွှေပေါက်ကံမြို့သစ်)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂)၊ မြေကွက်အမှတ်(၃၉၇)၊ ဧရိယာ(၆၀ ပေ x ၈၀ ပေ)ရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက် အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်ကို နှစ်(၆၀)မြေငှားဂရန်တွင် အဖ ဦးဘသင်း၏ သားဖြစ်သူ ဗိုလ်မှူးကြီးတင်ဌေး အမည်ပေါက်လျက်ရှိပါသည်။ ယင်းမြေကွက်အမည်ပေါက်သူထံမှ [၁၀/မလမ(နိုင်)၀၀၆၀၉၃] ကိုင်ဆောင်သူ ဒေါ်ချောချောစု (အဖ) ဦးမြကြည်က ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၈၇၈/၂၀၂၂)ဖြင့် ကိုယ်စားလှယ်လွှဲပြောင်းခြင်းဖြင့်လည်းကောင်း၊ အရောင်းအဝယ် သဘောတူစာချုပ်အရလည်းကောင်း လက်ဝယ်ထားရှိ ပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ထက် [၁၂/မဂတ(နိုင်)၀၉၇၂၄၂] က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများ(မူရင်း)များနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးခင်စိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၇၅)**
**LL.B, DL, 101 WIPO (SWITZERLAND)**
**အမှတ်(၉၄၄)၊ ၅-လွှာ၊ ယသဝတီလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ Ph: 09-443148536, 09-420257767**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်(စမ်း/တောင်)ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၄၀) တွင် ကန်ထရိုက်တာ ဦးစိုးမြတ်သူ(ခ) ဦးမြတ်သူ ဆောက်လုပ်ထားသော (၇)ထပ်ခွဲ အဆောက်အဦ၏ စတုတ္ထထပ်(၅)လွှာနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လင်းလင်းဦး[၁၂/ပဘတ(နိုင်)၀၁၇၈၉၄] သည် မြတ်နိုးသူ ဆောက်လုပ်ရေးကန်ထရိုက်တာ ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူ (LC-1157)[၁၃/တကန(နိုင်)၀၀၄၄၄၉]မှ အထက်ဖော်ပြပါမြေကွက်ပေါ်တွင် (၁)ခန်းတွဲ၊ ခတ်လှေကားပါ (၇)ထပ်ခွဲ တိုက်သစ်ဆောက်လုပ်မည်ဖြစ်ပြီး တိုက်ခန်းများအား ရောင်းချလိုကြောင်း ကမ်းလှမ်းမှုအပေါ် ယင်းအဆောက်အဦ၏ (၂၇ပေx၅၀ပေ)ခန့်ရှိ စတုတ္ထထပ်(၅)လွှာ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကြိုတင်ဝယ်ယူရန် သဘောတူညီကြပြီး (၁၇-၁၀-၂၀၁၃)ရက်နေ့တွင် တိုက်ခန်းကြိုတင်ဝယ်ယူခြင်း ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး ကတိစာချုပ်ပါအတိုင်း ပေးချေရမည့် အရစ်ကျငွေများကို မပျက်မကွက် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အထက်ပါ တိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ဝယ်ယူခြင်း၊ ပေါင်နှံခံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်းနှင့် ပြုလုပ်သူများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်လင်းလင်းဦး** | **ဒေါ်စန္ဒာဝင့်ဝင့်ပိုင်(LL.B)** |
| **[၁၂/ပဘတ(နိုင်)၀၁၇၈၉၄]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၈၉)** |
| **ဖုန်း-၀၉-၂၅၄၂၀၆၂၈၉** | **အမှတ်(၈)၊ နဝရတ်(၃)လမ်း၊ ပဏ္ဍမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၁၅၆၄၈၆၃** |

## ဦးမင်းမင်းစိုး
## အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ (ဦးခင်ဖေမြင့်)-ဒေါ်မြင့်မြင့်ရီတို့၏ သားကြီး၊ ဒေါ်ညိုညိုဝင်း၏ ခင်ပွန်း၊ မောင်မင်းကိုကို-မသန္တာညိုမင်း၊ မောင်ဇွဲမာန်အောင်၊ မောင်ဝဿန်အဂ္ဂစိုးတို့၏ဖခင်၊ မကေရီကိုကို၏အဘိုး ဦးမင်းမင်းစိုးသည် ၃-၉-၂၀၂၃ ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၅-၉-၂၀၂၃(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းမင်းစိုး
## အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ (ဦးခင်ဖေမြင့်)-ဒေါ်မြင့်မြင့်ရီတို့၏ သားကြီး၊ ဒေါ်ညိုညိုဝင်း၏ခင်ပွန်း၊ မောင်မင်းကိုကို-မသန္တာညိုမင်း၊ မောင်ဇွဲမာန်အောင်၊ မောင်ဝဿန်အဂ္ဂစိုးတို့၏ ဖခင်၊ မကေရီကိုကို၏အဘိုး ဦးမင်းမင်းစိုးသည် ၃-၉-၂၀၂၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ် (၃၀)မှ သူငယ်ချင်းများ**

## အောက်မေ့လွမ်းဆွတ်သတိရခြင်း

မေတ္တာကြီးမားလှသောကျေးဇူးရှင် ဖခင်ကြီး ဦးစံလှိုင် (၁-၇-၂၀၂၃)(၂၈)နှစ်ပြည့်နှင့် မွေးမိခင် ဒေါ်မဖြူ(၄-၉-၂၀၂၃) (၁)နှစ်ပြည့်၊ ညီမများနှင့်အစ်မကြီးများ၏မောင် ကိုစန်းဝင်းအောင် (၁၃-၄-၂၀၂၃)(၅)နှစ်ပြည့်တို့အတွက် ကျေးဇူးဆပ် ဒါနအလှူအဖြစ် အင်းစိန်မြို့နယ်၊ အောင်ဆန်းမြို့ အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)တွင် ကျေးဇူးတော်ရှင် အောင်ဆန်းဆရာတော်ဘုရားကြီးအား ဦးထိပ်ထား၍ ရေစင်အားလှူဒါန်းခြင်း၊ ပြင်ဦးလွင်မြို့အောင်ဆန်းတောရမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ သဒ္ဓမ္မပါလရွှေကျောင်းတိုက်တွင် ကမ္ဘာ့ငြိမ်းအေးစေတီတော်မြတ်အား မတည်လှူဒါန်းခြင်းနှင့်နေ့စဉ်ပြုရသောကုသိုလ်ကောင်းမှုအစုစုတို့အား သာဓုခေါ်ဆိုနိုင်ပါရန် အမျှပေးဝေပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းနွဲ့(မယ်ဘော)
## အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးမြင့်သိန်း - ဒေါ်ထွန်း)တို့၏ တတိယသမီး၊ (ဦးချစ်စိန်-ဒေါ်မြစန်း)တို့၏ သမီးချွေးမ၊ ဦးတင်ဦး(ဆေး/သု-ငြိမ်း)-ဒေါ်မြမြ (တိုင်း မစဘ-ငြိမ်း)၊ ဦးသင်းလွင် (တိုင်းအာမခံ- ငြိမ်း)-(ဒေါ်စန်းရီ)၊ (ဦးစိုးမြင့်-ဒေါ်စိုးစိုးသန်း)၊ (ဦးစိုးသိန်း-ဒေါ်စန်းရီ)တို့၏ညီမ၊ ဆရာ ညီညီ၊ ဦးဇင်းဦးတေဇနိယ ၊ မခင်မြင့်တို့၏ အစ်မ၊ ဦးစိုးမြင့်(ရဲထွတ်နီ)(စာတည်းမှူးပညာတန်ဆောင်) ၏ချစ်လှစွာသောဇနီး၊ မောင်ရဲထွတ်(ကောင်းမြတ်)-မလင်းလင်းထွန်း၊ မောင်မြင့်သန်း-မကေခိုင်စိုး၊ မသင်ဇာစိုး(ဒဂုဏ်ညွှန့်ဈေး)၊ မအေးမော်စိုး(ပညာတန်ဆောင်)၊ မောင်ရွှေထွန်းဆွေ(AGTI)၊ မောင်ငြိမ်းအောင်ထက်(အနော်မာအတ်ဂရု)၊ မတင်ငြိမ်းလင်း (M Movi MAX)၊ မအိမွန်ခိုင်(ကစ်ဂါးဒင်း မူကြို)တို့၏ မွေးသမိခင်၊ တူ/တူမ (၁၈)ယောက်၊ မြေး (၂၅)ယောက် တို့၏အဘွား ဒေါ်သန်းနွဲ့ (မယ်ဘော)သည် ၃-၉-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၅-၉-၂၀၂၃(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၂၃၊ ပုသိမ်ညွှန့်(၁)လမ်း၊ နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သုရဿတီလမ်း၊ အမှတ် (၅၄)ပထမထပ်၊ အခန်း(၁၀၁/အေ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည့် ဦးအောင်ကိုနိုင် [၉/မထလ(နိုင်)၂၃၆၇၉၂]နှင့် ဒေါ်လဲ့ရည်မြင့် [၁၂/မဂဒ(နိုင်)၁၅၈၇၉၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးပိုင်ဟိန်းစိုး[၁၂/သဃက(နိုင်)၁၈၆၁၄၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့်စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဌေးဌေးဝင်း (LL.B, D.B.L, B.A.S) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၉၃)**
**အမှတ်(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ Strand-Condo၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၄၇၂၄၄၃၅၊ ၀၉-၇၉၂၄၄၀၇၇၆**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ရဟန်းခမည်းတော်
## ဦးတင်ညွှန့်(မြောင်)
### ပြည်နယ်ပညာရေးမှူး-ငြိမ်း(ရှမ်းပြည်နယ်)
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ(ဒေါ်မြသန်း-ကျောင်းဆရာမကြီး-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း ဦးတင်ညွှန့်[(မြောင်)၊ ပြည်နယ်ပညာရေးမှူး-ငြိမ်း၊ (ရှမ်းပြည်နယ်)] အသက် (၈၉)နှစ်သည် ၁-၉-၂၀၂၃ (သောကြာနေ့)နံနက် ၄:၃၀ နာရီတွင် ငြိမ်းချမ်းစွာကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အ.ထ.က မြောင်(၁၉၈၀-၈၁)ခုနှစ်**
**ဒသမတန်း ကျောင်းသား၊ ကျောင်းသူများ**

## ဒေါ်ချိုချို
### အထက(၄)အလုံ ကျူရှင်ကျောင်းသူဟောင်း
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်(၁၃)ရပ်ကွက်၊ သလ္လာဝတီ(၅)လမ်း၊ အမှတ်(၁၃၇၆/က)နေ (ဦးတင်-ဒေါ်ခင်မြ)တို့၏သမီးကြီး၊ ဒေါ်မီမီကျော်၊ မောင်ဖိုးလပြည့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်လျှံဘုန်းအောင် (အထက-၆၊ ဗိုလ်တထောင်)၏အဘွား၊ ဦးကျော်မြင့် (က-ပ-ရ ဝန်ထမ်း-အငြိမ်းစား)၏ ချစ်ဇနီးသည် ၂-၉-၂၀၂၃(စနေနေ့) နံနက် ၆နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် သာကေတမြို့နယ် ကျိုက်စုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၂၃ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းဦး
### (ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး-ငြိမ်း)
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ် (၂၆၂)နေ (ဦးအလင်း-ဒေါ်အေးနု)တို့၏သား၊ (ဦးစိုးလွင်-ဒေါ်မမကြီး)တို့၏သားသမက်၊ ဦးခင်မောင်-(ဒေါ်ရီရီ)၊ (ဒေါ်ဘေဘီ)တို့၏မောင်၊ ဦးမျိုးလွင်ဦး-ဒေါ်စုမြတ်လင်း၊ ဦးထွန်းလွင်ဦး-ဒေါ်အေးမိုးနှင်း၊ မအေးသန္တာလွင်၊ ကိုသီဟတင့်တို့၏ မွေးသဖခင်ကျေးဇူးရှင် မောင်ဟန်သုတထွဋ်၊ မောင်ခန့်သူရကို၊ မောင်ဟန်သိခ်လွင် တို့၏အဘိုး၊ ဒေါ်ခင်ဘုန်းလွင်၏ ချစ်လှစွာသော ခင်ပွန်းသည် ၂-၉-၂၀၂၃(စနေနေ့) နံနက် ၃:၂၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၄-၉-၂၀၂၃(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုက်စုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၉-၂၀၂၃ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေး တရားနာ အလှူပြုလုပ်မည်ဖြစ်ပါသောကြောင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမင်းဦး
### (အ.ထ.က-၂-မရမ်းကုန်းကျောင်းသားဟောင်း)
### (မြန်မာ့သစ်လုပ်ငန်း၊ မှော်ဘီသစ်ဆိုင်)
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ (၉)မိုင်၊ရှမ်းရွာလမ်းနေ ဒေါ်စောနန်းတင့်၏တူ၊ (ဦးခင်မောင်-ဒေါ်တင်ရွှေ)တို့၏ သားကြီး၊ (ဦးလှမြင့်)၊ ဦးစိုးလှိုင်၊ ဦးသက်နိုင်-ဒေါ်နီနီလွင်၊ ဦးအောင်ဇင်-ဒေါ်ယဉ်ယဉ်လှိုင်၊ ဒေါ်လဲ့လဲ့ခိုင်၊ ဦးကျော်ထွန်းမောင်တို့၏ အစ်ကို၊ (ကိုရွှေမင်းထွန်း)၊ မမင်းအိခိုင်(အင်းစိန်ခရိုင် ပညာရေးမှူးရုံး၊ သိပ္ပံသင်ရိုးတွဲဖက်၊ ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန)၊ မောင်မင်းကောင်းခန့် (AHT Mart)တို့၏ ဖခင်၊ ဒေါ်နီနီအောင်၏ချစ်လှစွာသောခင်ပွန်းသည် ၃-၉- ၂၀၂၃ (တနင်္ဂနွေနေ့)နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မှော်ဘီသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း (၈)လမ်း၊ အမှတ်(၈၂) (၂၅ပေx၅၀ပေ) မြေပေါ်ရှိ(၂)ခန်းတွဲ၊ (၃)ထပ်ခွဲတိုက်၏ (ပထမထပ်)၂-လွှာ (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း(၁၂ ½ ပေ x ၅၀ပေ) ခန့်ရှိ တိုက်ခန်းအား ပြန်လည်ရောင်းချခွင့်ရှိသူ ဒေါ်မြတ်သူဝင်း[၁၂/လသန(နိုင်)၀၀၁၄၄၅]သည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးဇော်မျိုးသန့် [၁၃/ကလန(နိုင်)၀၈၅၀၆၈] နှင့် ဒေါ်နှင်းအိလှိုင် [၁၂/ကတန(နိုင်) ၁၁၉၁၁၃] တို့ထံ ရောင်းချရန်ကမ်းလှမ်းရာ သဘောတူလက်ခံ၍ သတ်မှတ်ထားသော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေရာ ရောင်းချသူမှလက်ခံရရှိပြီးဖြစ်၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲဝံ့ကိုကို (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၇၆၄)**
**၁၀၂၁/က၊ ဦးကြင်ဥ(၂)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၅၂၈၀၁၉၉၁**

## အလွှာအရှင်မြတ်အမိန့်တော်ခံယူခြင်း
### ဗိုလ်မှူးကြီး မောင်မောင်ကြီး (ရေ) ၁၀၃၃
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### (Japan, S.Korea, Sri-Lanka, Maldives, USA, Canada, Argentina)
### ဆိုင်ရာ မြန်မာသံအမတ်ကြီး(ငြိမ်း)
## အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေလိခလမ်းနေ(ဦးမောင်မောင်ဂျမ်း-ဒေါ်ဘီ)တို့၏သား၊ (ဦးဘတင် ATM စစ်တွေ-ဒေါ်တင်အေး)တို့၏သားသမက်၊ (ဒေါ်ညွှန့်ညွှန့်)၏ ချစ်လှစွာသော ခင်ပွန်း၊ Captain တင်ကြီး(M.D,Myanmar Marine Co.,Ltd)-ဒေါ်သီတာလင်း၊ ဒေါ်ခင်စံပယ် လ/ထ ညွှန်မှူး MRTV (ငြိမ်း)၊ Ex.Board Member Misis၊ Captain ညွှန့်ကြီး(OPR. Manager, Myanmar Marine Co.,Ltd)-ဒေါ်ညွှန့်ညွှန့်ထွေးတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ငါးယောက်၊ မြစ် လေးယောက်တို့၏အဖိုး/အဘိုးသည် ၁-၉-၂၀၂၃ ရက် ည ၈:၃၀ နာရီတွင် အလွှာအရှင်မြတ်၏ အမိန့်တော်ခံယူသွားပြီဖြစ်ပါ၍ ၂-၉-၂၀၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးကာဘာစတန်၌ ဒါဖနာပြုလုပ်ပြီးပါကြောင်း မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးတင်အောင်မိုး(ခ)ကိုထွားကြီး
### (အယ်ဒီတာချုပ်-ငြိမ်း၊သူရိယနေဝန်းဂျာနယ်)
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စပယ်(၁)လမ်း၊ အမှတ်(၇)နေ (ဦးကျော်လွင်-ဒေါ်ရီမြင့်)တို့၏သား၊ (ဦးမောင်မောင်ကြီး-ဒေါ်ခင်ပြုံးရီ)၊ ဦးတင်လှိုင်-ဒေါ်ခင်အုန်းမြင့်၊ ဦးပြုံး(ခ)ဦးစိုးနွယ်၊ (ဦးသန်းစိုး)-ဒေါ်ခင်စန်းလွင်၊ ဦးဟန်ညွှန့်(ခ)ဦးသဲမွေး-ဒေါ်ရင်ရင်နု(ခ)ဒေါ်နု၊ ဦးသိန်းသန်းထွဋ်-ဒေါ်မြင့်မြင့်သန်း တို့၏ညီမောင်၊ ဗိုလ်မှူးမိုးကျော်(ငြိမ်း)-(ဒေါ်လွဲ့လွဲ့ဝင်း)၊ ဦးမင်းမင်း-ဒေါ်အေးအေးမော် တို့၏အစ်ကို၊ ကိုရန်ရှင်းအောင်၊ ကိုသိန်းထိုက်ဆွေတို့၏ ချစ်လှစွာသောဖခင်၊ တူ၊ တူမ (၂၃)ယောက်တို့၏ ဦးလေး ဦးတင်အောင်မိုး(ခ)ကိုထွားကြီးသည် ၂-၉-၂၀၂၃(စနေနေ့) နံနက် ၉:၁၅ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာတို့ဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၂၃(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၂၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၂၃(သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စပယ်(၁)လမ်း၊ အမှတ်(၇) နေအိမ်သို့ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၈၉၂)ဟုခေါ်တွင်သော မြေအကျယ်အဝန်း-အလျားxအနံ(၄၀ပေx၆၀ပေ)ရှိ ဦးအောင်လင်း+ဦးထွေးညွှန့်+ဒေါ်လှမြင့် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်အနက်မှ အလယ်ဧရိယာ အလျားxအနံ (၁၃ ½ ပေx၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်လင်း(၅/ဝလန(နိုင်)၀၂၃၀၉၉)+ ဦးထွေးညွှန့် [၁၂/ဥကတ(နိုင်) ၀၁၇၈၇၀]+ဒေါ်လှမြင့် (S/OKA-072941) (၃)ဦးအမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ် အဆက်စပ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်မျိုးဝင်း [၁၄/မအန(ညေ့)၀၀၀၀၃၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၀၁)**
**အမှတ်(၇၉၃)၊ စာ၀(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဟားခါးမြို့နေ ဦးဟဲရ်ဘိမ်ကျုံး[၁၂/ဟခန(နိုင်)၀၂၂၆၉၂]သည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ်-၃၅၊ သုံးထပ်၏ ဒုတိယထပ်(၃)လွှာ၊ အကျယ်အဝန်း(၅၂ပေx၃၄ပေ)ရှိ တိုက်ခန်းနှင့် ရေ၊ မီးအစုံအပါအဝင် တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သည့် ဒေါ်ဇင်ဇင်အောင် [၁၂/ဥကမ(နိုင်)၂၃၉၂၃၀] ထံမှ ထိုတိုက်ခန်းကိုဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးပြေလည်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေပုလဲထူး (LL.B, D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၄၇)**
**ဖုန်း-၀၉-၄၂၁၁၅၉၂၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၂)လမ်း၊ တိုက်အမှတ်(၈၀)၊ B/5 ၅လွှာ၊ အကျယ်အဝန်း(၁၄'x၅၄')တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဌေးအောင်[၁၂/သကတ(နိုင်)၁၄၂၄၆၆]ထံမှ ကျွန်မ ဒေါ်အေးအေးမင်း[၁၂/သကတ(နိုင်)၀၄၆၇၁၈]က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဒေါ်အေးအေးမင်းထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမင်း**
**ဖုန်း-၀၉-၄၅၅၀၈၇၅၉၉၊ ၀၉-၆၇၉၆၃၃၁၁၄**

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဒီမိုကရေစီဆိုတာ ပြည်သူတစ်ရပ်လုံး အကြားအလပ်မရှိ ပါဝင်ဖော်ဆောင်ရခြင်းဖြစ်တာကြောင့် ကဏ္ဍအသီးသီးမှာ တည်ငြိမ်အေးချမ်းမှု အရေးကြီးပြီး ဒီလိုဆောင်ရွက်ဖို့အတွက် ကြိုးပမ်းရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

### လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၃

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်အလယ်ပိုင်းတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

### မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် စက်တင်ဘာ ၃

**ချင်းတွင်းမြစ်ရေအခြေအနေ**

မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ရောဝတီမြစ်ရေအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ရမည်းသင်းမြို့နယ်၌ ပြည်သူများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး



ရမည်းသင်း စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်ကာ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ အခြေခံ စားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းကို စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲက ရမည်းသင်းမြို့ ရန်အောင်မြင်သာသနာ့ဗိမာန်ကြီးရှေ့၌ တန်ဖိုးသင့်တိုက်ရိုက်အရောင်းဆိုင်ဖွင့်လှစ်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဒေသခံ အခြေခံပြည်သူများ စားသောက်ရေး အဆင်ပြေစေရန် ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ **စာမျက်နှာ ၁၈ ကော်လံ ၁ သို့** ✻

### မြန်မာ ယူ-၂၃ အသင်း အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကျင်းပမည့် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၃

မြန်မာ ယူ-၂၃ အသင်းသည် ၂၀၂၄ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကျင်းပမည့် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ပြီး လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

**စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်**

မြန်မာ ယူ-၂၃ အသင်းသည် စက်တင်ဘာ ၂ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံ ချန်ဝမ်မြို့သို့ ရောက်ရှိခဲ့ကာ ညနေပိုင်းတွင် စတင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ခြေစစ်ပွဲကျင်းပမည့် တောင်ကိုရီးယားနိုင်ငံသို့ ကြိုတင်သွားရောက်ခြင်းဖြစ်ပြီး ခြေစစ်ပွဲအုပ်စု (ခ) ပွဲစဉ်များကို စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် တောင်ကိုရီးယား၊ ကာတာ၊ ကာဂျစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပထမပွဲအဖြစ် **စာမျက်နှာ ၁၈ ကော်လံ ၄ သို့** ❖

**ယနေ့ ဖတ်စရာ**


**ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်**

စာမျက်နှာ » ၇

**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၁၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၂

**ဉာဏ်ရည်တုနည်းပညာက ကမ္ဘာ့ချန်ပီယံအဆင့်ရှိ လူသားလေယာဉ်မှူးများကို ဒရုန်းပြိုင်ပွဲတွင် အနိုင်ရရှိခဲ့**



စာမျက်နှာ » ၁၃